၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.831, September 11, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## အမေရိကန်အထူးကိုယ်စားလှယ် နေပြည်တော်ရောက်ရှိ တာဝန်ရှိသူနှင့်တွေ့

**VOA ၊ စက်တင်ဘာ ၉ ။** ။အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဒဲရက်ခ် မစ်ချဲလ် (Derek Mitchell) ဟာ ဒီကနေ့ပဲ မြန်မာနိုင်ငံကို ရောက်ရှိလာပြီး အစိုးရရုံးစိုက်ရာ နေပြည်တော်မှာ အစိုးရတာဝန်ရှိသူတွေနဲ့သာမက ကျင်းပနေဆဲ လွှတ်တော်ထဲက တာဝန်ရှိသူတွေနဲ့ပါ တွေ့ဆုံခဲ့ပါတယ်။ အစိုးရသစ်တက်လာပြီးတဲ့နောက် ပထမဆုံးအကြိမ်အဖြစ်သွားရောက်ခဲ့တဲ့ ၅ ရက်ကြာခရီးစဉ်ရဲ့ ပထမနေ့အဖြစ် အခုလိုတွေ့ဆုံခဲ့တာပါ။ အပြည့်အစုံကို ဆက်သွယ်စုံစမ်းထားတဲ့ မသင်းသီရိက တင်ပြထားပါတယ်။

အမေရိကန်နိုင်ငံရဲ့ မြန်မာနိုင်ငံဆိုင်ရာမူဝါဒညှိနှိုင်းရေးမှူးအပြင် အထူးသံတမန်တဦးလည်းဖြစ်တဲ့ Mr.Derek Mitchell ဟာ ဒီကနေ့ စက်တင်ဘာလ ၉ ရက် သောကြာနေ့မနက်မှာ နေပြည်တော်ကို ရောက်ခဲ့ပြီး ပထမဆုံးအမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်က တာဝန်ရှိသူတချို့နဲ့အတူ လွှတ်တော်ကိုယ်စားလှယ်တချို့နဲ့ အရင်ဆုံးတွေ့ပါတယ်။ ဒီတွေ့ဆုံမှုအတွင်း လွှတ်တော်ရဲ့ ဥပဒေပြုရေးဆိုင်ရာ အဆင့်ဆင့်နဲ့ပတ်သက်လို့ သူသိချင်တာတွေ မေးမြန်းခဲ့သလို ပါလီမန်ဒီမိုကရေစီစနစ်မှာ ဥပဒေပြုရေးဟာ အရေးကြီးပုံနဲ့ တခြားအကြံပြုချက်တွေကိုပါ ဆွေးနွေးတင်ပြသွားတယ်လို့ Mr.Derek Mitchell ကို ဒီကနေ့တွေ့ခဲ့သူထဲက တဦးဖြစ်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က ပြောပါတယ်။

"သူက လွှတ်တော်ရဲ့ ဥပဒေပြုရေးအဆင့်ဆင့်ကို သိလိုတယ်လို့ မေးပါတယ်။ အဲဒါကို ဒီဘက်က ဥပပေပြုပုံအဆင့်ဆင့်ကို ရှင်းပြပါတယ်။ နောက် မြန်မာနဲ့အမေရိကန်ရဲ့ တရင်းတနှီးဆက်ဆံလိုတဲ့ကိစ္စတွေရှိကြတယ်ပေ့ါ။ ဘာဖြစ်လို့လဲဆိုတော့ ဒါက အာရှပစိဖိတ်ဒေသမှာအရေးကြီးကြောင်းလည်း သူတို့ကသိပါတယ်။ အဲဒီတော့ မြန်မာပြည်ရဲ့ အခုလက်ရှိပြုပြင်ပြောင်းလဲလာတဲ့အခြေအနေတွေကို သူတို့တော်တော်လေးစိတ်ဝင်စားတယ်။ ထဲထဲဝင်ဝင် ဆက်ဆံလိုတဲ့သဘောကိုလည်းပြပါတယ်။ သူတို့ဘက်ကလည်း လွှတ်တော်ရဲ့ ဥပဒေပြုမှုဟာ အားကောင်းနေမှ ပါလီမန်ဒီမိုကရေစီစနစ်မှာ ဒီဥစ္စာကအရေးကြီးတယ်ဆိုတာ ပြောပြပါတယ်။ သူကတော့ အပြုသဘောတွေ့တယ်၊ နောက်လည်းတွေ့ချင်တယ်၊ အခုလို တွေ့ရတာ ဝမ်းသာတယ်။ ဒါကို ဆက်ဆံရေးအသစ်စတဲ့သဘောပါပေ့ါဗျာ။ ဟိုတုန်းကထက် အပြုသဘောနဲ့ ဒီကာလလေးမှာ အပြောင်းအလဲတွေ ဖြစ်လာတယ်။ အပြုသဘောဆောင်တဲ့ဘက်ကို ပိုဦးတည်လာတယ်ဆိုတဲ့အခါကျတော့ သူလာရတဲ့အကြောင်းရင်းကလည်း အဲဒါတွေပါ။ ဟိုတုန်းကနဲ့ အခုဟာ မတူခဲ့ဘူး။ အတိတ်ဟာ အတိတ်မှာ ကျန်ခဲ့ပြီလေ။ အဲဒီသဘော တွေလည်းပါတာပေ့ါ။ ကျနော်တို့ ဆက်ပြီးလုပ်သွားနိုင်တဲ့ အခြေအနေက ရှေ့မှာရှိလာမယ်ဆိုတဲ့သဘောပါ။ သူအကြံပြုချက်တွေကိုလည်း တလေးတစားနားထောင်ကြတယ်။"

အမျိုးသားလွှတ်တော် နာယကဦးခင်အောင်မြင့်နဲ့အတူ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌအပြင် လွှတ်တော်ကိုယ်စားလှယ်တချို့နဲ့တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ပါ Mr.Derek Mitchell ဟာ ၁ နာရီကြာ တွေ့ဆုံခဲ့တယ်လို့ ဒေါက်တာအေးမောင်က ပြောပါတယ်။

Mr.Derek Mitchell ဟာ မနက်ဖြန် စက်တင်ဘာလ ၁၀ရက်နေ့အထိ နေပြည်တော်မှာရှိမှာဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးအပြင် နောက်ထပ် အစိုးရခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့ရှိပါတယ်။ Mr.Derek

**စာမျက်နှာ ၂ သို့**

**အမေရိကန်အထူး ကိုယ်စားလှယ်မစ်ချဲလ် မြန်မာနိုင်ငံ ပထမဆုံးခရီးစဉ်စတင်** — **စာမျက်နှာ ၃**
**အစိုးရသတင်းစာ သတင်းမှားများ လုပ်ကြံရေးဟု ကေအိုင်အိုတုံ့ ပြန်** — **စာမျက်နှာ ၅**
**နေပြည်တော်က ရွာနာမည်တွေ ပြည်ထောင်စုလွှတ်တော်မှာ ပြောင်း** — **စာမျက်နှာ ၁၀**
**မြန်မာနိုင်ငံအပေါ် ကော်မရှင်ဖွဲ့ စုံစမ်းစစ်ဆေးရေး အီးယူသဘောထားကွဲ** — **စာမျက်နှာ ၁၄**
**ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူး ဖော်ပြမိတဲ့ ဂျာနယ် အရေးယူခံရ** — **စာမျက်နှာ ၁၆**
**ကျောင်းသားသမဂ္ဂ အဆောက်အဦးပုံကို ထူးဆန်းစွာ ပြန်လည်ဖော်ပြခွင့်ရ** — **စာမျက်နှာ ၁၉**

VOB အာဘော်

# အခြေအနေကောင်းတွေနှင့် တာစူနေ

မြန်မာနိုင်ငံ၏ အပြောင်းအလဲအတွက် အင်မတန်အရေးကြီးသော လမ်းဆုံတခုကို ရောက်နေပါပြီ။ သမတဦးသိန်းစိန်နှင့် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးမှုအပေါ် အမျိုးမျိုးဝေဖန်ပြောဆိုသံတွေ ကြားနေရသည်။ မျှော်လင့်ချက်နှင့် အကောင်းမြင်သူတွေရှိသလို၊ အစိုးရအနေဖြင့် ဟန်ပြလုပ်နေသည်ဟု ပြောသူတွေလည်း ရှိပါသည်။ သို့သော် သေချာသည်ကတော့ သမတနှင့် အတိုက်အခံခေါင်းဆောင်တို့စကားပြောဆိုခြင်းသည် မပြောပဲ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ဘက်ဖြစ်နေခြင်းထက် တိုင်းပြည်အတွက် မျှော်လင့်ချက်လမ်းစတခုဟု ဆိုနိုင်သည်။

ဤကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်း၊ တွေ့ဆုံစဉ် သမတညွှေ့ခန်းမတွင် ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံချိတ်ဆွဲထားခြင်းသည် သမတ၏ကိုယ်ပိုင်ဆန္ဒဟု ဆိုသူကဆိုသည်။ ကြိုဆိုပါသည်။

နှစ်အတန်ကြာ ပြည်ဝင်ခွင့်ဗီဇာထုတ်မပေးခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် **Tomas Quintana** ကို ပြည်ဝင်ခွင့်ပေးခဲ့ခြင်း၊ အင်းစိန်ထောင်အတွင်း မိမိတွေ့ဆုံလိုသူများကို တွေ့ခွင့်ရခြင်းသည်လည်း တိုးတက်မှုတခုဟု အသေအချာဆိုနိုင်ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် လူ့အခွင့်အခြေအနေတွေ တိုးတက်ပြောင်းလဲမှုမရှိသေးပါဟု ကမ္ဘာကို **Mr.Quintana** ပြောဆိုနိုင်ခဲ့သည်။ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် **Mr.Quintana** တို့တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ခြင်းသည်လည်း အရပ်သားအစိုးရလက်ထက် တိုးတက်မှုတခုဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေတွေ၊ နိုင်ငံရေးအခြေအနေတွေကို အသေးစိတ်ပြောဆိုဆွေးနွေးနိုင်ခဲ့သည်ဟု ယုံကြည်သည်။

စာပေစိစစ်ရေး၏ တင်းကျပ်လွန်းသည့်အခြေအနေမှ ပြည်တွင်းမီဒီယာလွတ်လပ်ခွင့် အနည်းအကျဉ်း ရရှိလာသည်ကလည်း အပြုသဘောနှင့် တိုးတက်မှုတခုဖြစ်ကြိုဆိုပါသည်။ မီဒီယာလွတ်လပ်ခွင့် အပြည့်အဝ မရှိသေးသော်လည်း မှောင်နဲ့မဲမဲကြားက ဖရောင်တိုင်မီးတခု ထတောက်သည်ဟုယူဆသည်။ ပြည်သူလူထုအထိုက်အလျောက် မြင့်ခွင့် သိခွင့် ကြားခွင့်ရလာသည်။ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံနှင့် သူမရေးဆောင်းပါးတချို့ ပြည်တွင်းထုတ်မဂ္ဂဇင်းတွေမှာဖော်ပြခွင့်ရလာသည်။ ဆက်လက်၍လည်းဖော် ပြခွင့်ပြုသွားမည်ဟုယုံကြည်သည်။ လူထု၏မျှော်လင့်ချက်ရောင်ခြည် သန်းလာသည်ဟု ဆိုချင်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍသည် တိုင်းပြည်အပြောင်းအလဲအတွက် မည်မျှအရေးကြီးသည်ကို သမတဦးသိန်းစိန် ကောင်းကောင်းနားလည်ပုံရသည်။ သမတ၏အကြံပေးပုဂ္ဂိုလ်အဖြစ် ဦးမြင့်ကို ခန့်ထားလိုက်ခြင်းသည် ဒေါ်အောင်ဆန်းစုကြည်နှင့် သမတဦးသိန်းစိန်တို့၏ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းတခုဖန်တီးလိုက်ခြင်းဟု ယူဆသည်။ စီးပွားရေးပညာရှင်ဦးမြင့်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်မတန်ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေကောင်းတယောက်ဖြစ်နေသောကြောင့် သမတအကြံပေးအဖြစ် ရွေးချယ်ခန့်ထားသည်ဟု ယုံကြည်သည်။ ဒီမိုကရေစီအင်းအားစုများအတွက် သမတမှ မီးစိမ်းပြလိုက်ခြင်းဖြစ်သည်ဟုလည်း သုံးသပ်သူတွေရှိပါသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံသည် ညင်သာသောအပြောင်းအလဲတခုဖြစ်လာရေးအတွက် အခြေအနေကောင်းတွေနှင့် တာစူနေသည်၊ ယခုအချိန်တွင် ပြည်တွင်း ပြည်ပမှ ဒီမိုကရေစီအင်အားစုအားလုံး ညီညီညွတ်ညွတ်နှင့် ဝိုင်းဝန်း၍ ပြိုင်တူတွန်းကြဖို့လိုပါသည်။

အကယ်၍ ယခုလို အပြောင်းအလဲအတွက် အခြေအနေကောင်းတွေရှိနေချိန်တွင် အနှောင့်အယှက်တစုံတရာဖြစ်ပေါ်လာပါက ဤအနှောင့်အယှက်ကို ဖန်တီးသော သူများ၏တာဝန်သာဖြစ်ပါလိမ့်မည်ဟု သတိပေးရေးသားလိုက်သည်။

---

**မျက်နှာဖုံးမှ**

Mitchell ဟာ ဒီကနေ့ မြန်မာနိုင်ငံကို ရောက်နေ တယ်ဆိုတာကိုတော့ ရန်ကုန်အခြေစိုက် အမေရိကန်သံရုံးက အတည်ပြုပြောကြားပေမဲ့ နောက်ဆက်တွဲ သူဘာတွေ လုပ်ဆောင်မလဲဆိုတဲ့ အခြေအနေအသေးစိတ်ကိုတော့ ဖော်ပြခြင်းမရှိပါဘူး။

မစ္စတာ ဒဲရက်ခ် မစ်ချဲလ်ဟာ အမေရိကန်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒ ညှိနှိုင်းရေးမှူးဖြစ်တဲ့အတွက် ဒီမိုကရေစီစနစ် အလျင်အမြန် ဖော်ဆောင်ရေးကိစ္စ၊ လူ့အခွင့်အရေးအခြေအနေတွေနဲ့အတူ နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေးဆိုတဲ့ အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံဆိုင်ရာသဘောထားတွေကို အစိုးရတာဝန်ရှိသူတွေနဲ့တွေ့တဲ့ အခါပြောဆိုမှာဖြစ်ပါတယ်။ အဲဒီလိုပဲ မြန်မာအစိုးရ တာဝန်ရှိသူတွေဘက်ကလည်း တိုးတက်တဲ့ ပြုပြင်ပြောင်းလဲရေး ခြေလှမ်းတွေနဲ့ သူတို့ရဲ့ လုပ်ငန်း တွေ၊ ကော်မရှင်တရပ်ဖွဲ့ပြီး လူ့အခွင့်အရေး မြင့်တင်ဖို့ကြိုးစားချက်တွေကို ပြောပြရင်း အမေရိကန်ဘက်က ပိတ်ဆို့ထားတဲ့ အရေးယူ မှုတွေကို ပြန်လည်သုံးသပ်ဖို့တင်ပြမယ်လို့ အစောပိုင်းမှာ သမ္မတအကြံပေးအဖွဲ့က ဦးနေဇင်လတ်က ဗွီအိုအေ မြန်မာပိုင်းကို ပြောပါတယ်။

ဒါ့အပြင် စက်တင်ဘာလ ၁၂ ရက် တနင်္လာနေ့မှာတော့ Mr.Derek Mitchell ဟာ ရန်ကုန်က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့သီးသန့်တွေ့ဆုံမှာဖြစ်သလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီဝင်တွေနဲ့လည်း တွေ့ဆုံမှာဖြစ်ပါတယ်။ အဲဒီနေ့ နေ့လည်ပိုင်းမှာတော့ အမေရိကန်စင်တာမှာ နောက်ထပ် နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားအဖွဲ့တွေနဲ့တွေ့ဆုံဖို့ ဖိတ်ထားပါတယ်။ အစိုးရမဟုတ်တဲ့ NGO လိုအဖွဲ့တွေနဲ့လည်း လူမှုရေးနဲ့ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စတွေကို ဆွေးနွေးမှာဖြစ်တယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာနက သူ့ခရီးစဉ်မစခင် အစောပိုင်းက ထုတ်ပြန်တဲ့စာထဲမှာ ဖော်ပြထားပါတယ်။

အမေရိကန်နိုင်ငံရဲ့ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒညှိနှိုင်းရေးမှူးဖြစ်တဲ့ Mr.Derek Mitchell ဟာ ဒီကနေ့ စက်တင်ဘာလ ၉ ရက်နေ့ကနေ လာမယ့် စက်တင်ဘာလ ၁၄ ရက်နေ့အထိ ၅ ရက်ကြာ မြန်မာနိုင်ငံမှာ ရှိနေမှာဖြစ်ပြီး ဒါဟာသူ့ရဲ့ပထမဆုံးမြန်မာခရီးစဉ်လည်းဖြစ်ပါတယ်။

# အမေရိကန် အထူးကိုယ်စားလှယ် မစ်ချဲလ် မြန်မာနိုင်ငံ ပထမဆုံးခရီးစဉ်စတင်

**VOA ၊ စက်တင်ဘာ ၆ ။** ။ အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဒဲရက်ခ် မစ်ချဲလ် (Derek Mitchell) ဒီနေ့ ဝါရှင်တန်ဒီစီမြို့တော်ကနေ မြန်မာနိုင်ငံကို ထွက်ခွာမှာဖြစ်တယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာနက ပြောပါတယ်။ သူ့ရဲ့ခရီးစဉ်အတွင်းမှာ အမေရိကန်အထူးကိုယ်စားလှယ်ဟာ မြန်မာအစိုးရ အရာရှိတွေအပြင် နိုင်ငံရေးပါတီတွေ၊ လူမှုအသင်းအဖွဲ့တွေအပါအဝင် တခြား လူပုဂ္ဂိုလ်တွေနဲ့လည်း တွေ့ဆုံဖို့ ရှိတယ်လို့ဆိုပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်လ ၂ ရက်နေ့မှာ အမေရိကန်နိုင်ငံရဲ့ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒညှိနှိုင်းရေးမှူးအပြင် အထူးသံတမန် အဖြစ်နဲ့ခန့်အပ်တာ ခံခဲ့ရတဲ့ မစ္စတာ ဒဲရက်ခ် မစ်ချဲလ်ဟာ မြန်မာနိုင်ငံကို သွားရောက်ဖို့ စက်တင်ဘာလ ၇ ရက်၊ ဗုဒ္ဓဟူးနေ့မှာ အမေရိကန်နိုင်ငံကနေ ခရီးစတင် ထွက်ခွာမှာဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အရှေ့တောင်အာရှရေးရာဌာန ပြောခွင့်ရ မစ်စ် ကယ်လီမက်ကဲလော့ဂ် (Kelly McKellogg) က ပြောပါတယ်။

"မစ္စတာ မစ်ချဲလ်ဟာ ဗုဒ္ဓဟူးနေ့မှာ သွားမှာပါ။ စက်တင်ဘာလ ၁၄ ရက်နေ့အထိ မြန်မာနိုင်ငံမှာ ရှိနေပါလိမ့်မယ်။ သူ ဘယ်သူတွေနဲ့ ဘယ်နေ့တွေမှာ တွေ့ဆုံမယ်ဆိုတာကို သေသေချာချာ မပြောနိုင်သေးပေမဲ့ အဖွဲ့အစည်းအသီးသီးနဲ့ တွေ့ဆုံဖို့ ရှိပါတယ်။ မြန်မာအစိုးရတာဝန်ရှိသူတွေ၊ နိုင်ငံရေးပါတီတွေက ပုဂ္ဂိုလ်တွေအပြင် လူမှုလူ့အဖွဲ့အစည်းအသီးသီးနဲ့လည်း တွေ့ဆုံမှာပါ။"

မစ္စတာမစ်ချဲလ်ဟာ အရင်က အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနရဲ့ အာရှ ပစိဖိတ်ရေးရာ အကြီးတန်းအရာရှိတာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး အခု မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူး သံတမန်အနေနဲ့ ပထမဆုံး မြန်မာနိုင်ငံကို သွားရောက်မှာဖြစ်ပါ တယ်။

စီးပွားရေးပိတ်ဆို့မှုတွေနဲ့ ဒဏ်ခတ်အရေးယူနေတဲ့ အမေရိကန်အစိုးရက မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ပြုပြင်ပြောင်းလဲမှုတွေ လုပ်လာဖို့အပြင် မြန်မာလူထု ဖွံ့ဖြိုးတိုးတက်လာဖို့ တွေ့ဆုံဆွေးနွေးရေးတွေ လုပ်ဆောင်နေရာမှာ အခု မစ္စတာ မစ်ချဲလ်ရဲ့ မြန်မာနိုင်ငံ ခရီးစဉ်ကနေ ပိုပြီး တိုးတက်အောင်မြင်စေဖို့အတွက် ရည်ရွယ်တယ်လို့ ဆိုပါတယ်။

"သူ့ရဲ့ခရီးစဉ်အတွင်း အမေရိကန် အစိုးရနဲ့မြန်မာ နှစ်နိုင်ငံကြား အချေအတင်ဆွေးနွေးမှုတွေကို အားဖြည့်ပေးဖို့နဲ့ စစ်မှန်တဲ့ပြုပြင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနဲ့ မြန်မာနိုင်ငံသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှဝေထားရှိတဲ့ ဦးတည်ချက်ဖော်ဆောင်နိုင်ရေးအတွက်လည်း ရည်ရွယ်ပါတယ်။"

မြန်မာ့အရေး ကျွမ်းကျင်သူ အမေရိကန်နိုင်ငံ ဂျော့ချ်တောင်း (Georgetown) တက္ကသိုလ်က အာရှရေးရာဌာန အကြီးအကဲ ဒေးဗစ် စတိုင်းဘာ့ဂ် (David Steinberg) ကတော့ မစ္စတာ မစ်ချဲလ်ရဲ့မြန်မာနိုင်ငံခရီးစဉ်ဟာ သိပ်ကိုအရေးကြီးသလို အောင်မြင်မယ်လို့ မျှော်လင့်ကြောင်းလည်း ပြောပါတယ်။

"သူထမ်းဆောင်ရမယ့် တာဝန်က သိပ်ကို ခက်ခဲမယ်လို့ကျနော်ထင်ပါတယ်။ ဒါပေမဲ့ မြန်မာနဲ့ အမေရိကန် နှစ်နိုင်ငံကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်လာအောင် သူလုပ်ဆောင်နိုင်လိမ့်မယ်လို့ ကျနော်မျှော်လင့်ထားပါတယ်။ အခုလိုမျိုး အမေရိကန်နိုင်ငံရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် အနေနဲ့ မြန်မာနိုင်ငံကို ကိုယ်တိုင်သွားဖို့ကိစ္စက သိပ်ကိုအရေးကြီးသလိုပဲ သူ့အနေနဲ့လည်း ဒီတာဝန်ကို ယူနိုင်တဲ့သူပါ။"

မစ္စတာ မစ်ချဲလ်ဟာ သောကြာနဲ့ စနေနေ့မှာ နေပြည်တော်ကို သွားရောက်မှာဖြစ်ပြီး မြန်မာအစိုးရ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့တွေ့ဆုံမှာဖြစ်သလို စနေနေ့ကနေ စက်တင်ဘာလ ၁၄ ရက် ဗုဒ္ဓဟူးနေ့အထိ ရန်ကုန်မှာရှိမှာဖြစ်ပါတယ်။ ရန်ကုန်မှာ နိုင်ငံရေးပါတီနဲ့အဖွဲ့အစည်းအသီး သီးကို တွေ့ဆုံတဲ့အခါ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံရေးဟာ မစ္စတာမစ်ချဲလ်အတွက်အထူးအရေးပါတယ်လို့ ပါမောက္ခ စတိုင်းဘာ့ဂ်က သုံးသပ်ပါတယ်။

"သူနဲ့တွေ့ဆုံဖို့ကိစ္စက အရေးကြီးပါတယ်။ အမေရိကန်အစိုးရရဲ့ပိတ်ဆို့အရေးယူထားမှုကို မြန်မာအစိုးရကဖယ်ရှားချင်နေတဲ့ကိစ္စတခုလုံးအတွက်ဒေါ်အောင်ဆန်းစုကြည်ဟာလုံးဝအရေးပါနေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့တုံ့ပြန်ချက်ကနေပြီးတော့ အမေရိကန်အစိုးရရဲ့ ပိတ်ဆို့အရေးယူမှုတွေအတွက် အမေရိကန်ဘက်က အပြောင်းအလဲတွေဖြစ်လာနိုင်တာမို့ပါ။ ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတကာက အလေးထားတဲ့ ပုဂ္ဂိုလ်တဦးလည်းဖြစ်နေတာမို့ပါ။"

မစ္စတာမစ်ချဲလ်ဟာမြန်မာနိုင်ငံခရီးစဉ်အပြီးမှာအိမ်နီးချင်းထိုင်းနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတွေကို သွားရောက်ဖို့ရှိတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မစ်စ်မက်ကဲလော့ဂ်က ပြောပါတယ်။

"သူဟာ ဘန်ကောက်နဲ့ ဂျကာတာကိုလည်း သွားဖို့ရှိပါတယ်။ ထိုင်းနဲ့ အင်ဒိုနီးရှား နိုင်ငံတွေက အစိုးရ တာဝန်ရှိသူတွေနဲ့ ဆွေးနွေးဖို့ တွေ့ဆုံမှာဖြစ်ပေမဲ့ အစီအစဉ် အသေးစိတ်ကိုတော့ အခုချိန်မှာ မသိရသေးပါဘူး။"

အင်ဒိုနီးရှားနိုင်ငံဟာ ဒီနှစ်အတွက် အာဆီယံရဲ့အလှည့်ကျဥက္ကဋ္ဌဖြစ်ပြီး ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်ရေး ကြိုးပမ်းနေမှုအတွက် မကြာခင်မှာ မြန်မာနိုင်ငံကို သွားရောက်လေ့လာဖို့အတွက် မြန်မာအစိုးရရဲ့ ဖိတ်ကြားချက်ကို ရရှိထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အခု အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံက တာဝန်ရှိသူတွေနဲ့ မစ္စတာမစ်ချဲလ်တွေ့ဆုံဖို့ ရှိတဲ့အပြင် မြန်မာနိုင်ငံရဲ့အခြေအနေကို စိုးရိမ်မကင်းဖြစ်နေတဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံက တာဝန်ရှိသူတွေနဲ့လည်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာတွေ့ဆုံဆွေးနွေးဖို့ ရှိနေပါတယ်။

---

အချုပ်အချာ အာဏာကို
ပြည်သူသာ ပိုင်ရမည်

# လွတ်လပ်ခွင့်အကြောင်း

## လွတ်လပ်ခွင့်အကြောင်း ( ပထမ–ပိုင်း )

ဒေါ်အောင်ဆန်းစုကြည်က ဘီဘီစီ Radio 4 ရဲ့ ၂၀၁၁ ခုနှစ် Reith Lectures အစီအစဉ်မှာ လွတ်လပ်ခွင့်အကြောင်း ဟောပြောချက် ပထမပိုင်းကို ဖော်ပြလိုက်ပါတယ်။

ဘီဘီစီကတဆင့် အခုလို မိတ်ဆွေတို့ကို စကားပြောရတာ ကျမ အဖို့မှာ အင်မတန်မှထူးခြားတဲ့ အမိပ္ပါယ်ဆောင်ပါတယ်။ အမိပ္ပါယ်က ဘာလည်းဆိုတော့ ကျမဟာ တရားဝင်အားဖြင့် လွတ်လပ်မှုရှိသောလူ ပုဂ္ဂိုလ်တယောက်တဖန်ပြန်လို့ဖြစ်ပြီဆိုတဲ့ အမိပ္ပါယ်ဖြစ်ပါတယ်။ ကျမ ဟာ တရားဝင်အားဖြင့် လွတ်လပ်မှုမရှိသော လူတယောက်ဖြစ်နေခဲ့ တုန်းက ဆိုလိုတာက နေအိမ်အကျယ်ချုပ်နဲ့ နေခဲ့ရစဉ်တုန်က ကျမကို စကားပြောခဲ့သူဟာ ဘီဘီစီဖြစ်ပါတယ်။ ကျမက နားထောင်ခဲ့ရသူပါ။

ဒါပေမယ့် အဲဒီလိုနားထောင်ရတဲ့အတွက် လွတ်လပ်မှုတမျိုးကို လည်း ကျမရခဲ့ပါတယ်။ အခြားသောလူပုဂ္ဂိုလ်တို့ရဲ့ အတွေအမြင်ကို စူးစမ်းနိုင်ခြင်းဆိုတဲ့ လွတ်လပ်မှုဖြစ်ပါတယ်။ လူပုဂ္ဂိုလ်ချင်း အတွေး အမြင်ဖလှယ်ရတာမျိုးနဲ့တော့ တထပ်တည်းတူညီတယ်လို့ မခေါ်နိုင် ဘူးပေါ့။ ဒါပေမယ့် လူသားချင်းဆက်သွယ်မှုပုံစံတမျိုး ဖြစ်တယ်လို့ ခေါ်နိုင်ပါတယ်။

ကိုယ့်ရဲ့အတွေးအခေါ် ကိုယ့်ရဲ့မျှော်လင့်ချက် ကိုယ့်ရဲ့အရယ် အမောဆိုတာတွေကို မျှဝေချင်လို့နောက်ပြီးတခါတလေမှာကိုယ့်ရဲ့ဒေါ သ၊ ကိုယ့်ရဲ့ဒေါမနဿကိုပင်လျှင် မျှဝေချင်လို့ သူတပါး လူသားတွေနဲ့ လွတ်လပ်စွာဆက်သွယ်ခွင့်ဆိုတာဟာ ဘယ်သောအခါမှ ချိုးဖောက် တာခံရဖို့ မသင့်တဲ့ အခွင့်အရေးတခုဖြစ်ပါတယ်။

ဒီနေ့ ကျမဟာ မိတ်ဆွေတို့နဲ့ လူကိုယ်တိုင် မတွေ့မဆုံနိုင်သော် လည်းပဲ ကျမအဖို့ရော နောက်ပြီး လွတ်လပ်မှုကင်းမဲ့ခြင်းလို့ ကျမ ခေါ်ချင်တဲ့ ဝမ်းနည်းဖွယ်ရာကောင်းလှတဲ့ အခြေအနေကြီးမှာ နေထိုင် နေရဆဲဖြစ်တဲ့ ကမ္ဘာတဝှမ်းလုံးက တခြားသူတွေအဖို့ရော လွတ်လပ်ခွင့် ဆိုတာ ဘယ်လိုအမိပ္ပါယ် အနှစ်သာရပြည့်ဝသလဲဆိုတာနဲ့ပတ်သက် ပြီး ကျမရဲ့အတွေးအမြင်တွေကို မိတ်ဆွေတို့ဆီရောက်အောင် မျှဝေ ပေးလိုက်ခြင်းအားဖြင့် လူသားချင်းဆက်သွယ်နိုင်ခွင့်ဆိုတဲ့ ကျမရဲ့ အခွင့်အရေးကို အခုလိုသုံးစွဲခွင့်ရရှိခြင်းအတွက် ကျမ အင်မတန်မှကျေး ဇူးတင်လှပါတယ်။

ပထမဦးဆုံးအကြိမ် ကျမဖတ်ဖူးခဲ့တဲ့ ကိုယ်တိုင်ရေးအထုပ္ပတ္တိ စာအုပ်ဟာ အနေတော်ဖြစ်တာလို့ခေါ်ရမလား၊ အတိတ်နိမိတ်ဖြစ် တယ်လို့ခေါ်ရမလား၊ နှစ်ခုလုံးပဲလို့ပြောကောင်းပြောနိုင်မလား၊ Seven Years Solitary ထောင်မှာတယောက်လည်း ခုနစ်နှစ်ဆိုတဲ့စာအုပ် ဖြစ်ပါတယ်။ Hungarian အမျိုးသမီးတယောက်ရေးခဲ့တာပါ။ ၁၉၅၀ ပြည့်လွန်နှစ်တွေရဲ့ အစောပိုင်းကာလတုန်းက သူတို့ဆီမှာ ကွန်မြူတစ် ပါတီအတွင်း ဖြုတ်ထုတ်ပွဲကြီးတွေ ဖြစ်ပေါ်နေစဉ်အတွင်းတုန်းက အာ ဏာရှိသူတွေနဲ့ ဆန့်ကျင်ဖက်ဂိုဏ်းမှာပါဝင်ခဲ့တဲ့ အမျိုးသမီးတယောက် ရေးခဲ့တာပါ။

တယောက်တည်းနေရတဲ့ အမျိုးသမီးတယောက်ဟာ လူသား ချင်းဆက်သွယ်မှုဆိုလို့ နေ့စဉ်နဲ့အမျှ သူ့ရဲ့မာန်ကို ချိုးနိုင်သလောက် ချိုးဖို့စဉ်းစားနေတဲ့ ယောက်ျားကြီးတွေနဲ့ ဆက်သွယ်မှုသာလျှင်ရှိတဲ့အထဲက နှစ်နဲ့ချီပြီးကြာအောင် ဦးနှောက်ကလည်း ထက်မြက်မြဲစိတ်ဓာတ် ကလည်း မကျပဲ နေနိုင်ခဲ့တာဟာ ဘယ်လိုဆုံးဖြတ်ချက်ကြောင့်ပါ လိမ့် ဘယ်လို ကြံ့ရည်ဖန်ရည်ကြောင့်ပါလိမ့်ဆိုပြီး အဲဒီတုန်းက ၁၃ နှစ် အရွယ် ကျမဟာ စိတ်ဝင်တစားဖြစ်ခဲ့မိပါတယ်။

အစိုးရဝါဒကို သဘောမတူတဲ့ လုပ်ငန်းထဲဝင်ရောက်ဖို့နောက် ပြီး အဲဒီလုပ်ငန်းမှာ ဖွဲ့နဘဲနဲ့နေဖို့ ဆုံးဖြတ်ထားသူတွေရဲ့အဖို့ရာမှာ ဒီ လိုအပ်ချက်ဟာ ဆုံးရှုံးမှုကိုကြိုတွက်ပြီး ပြင်ဆင်ထားရတဲ့အခြေခံအ ကျဆုံး လိုအပ်ချက်တခုဖြစ်ပါတယ်။ အမှန်မှာ အခွင့်အရေးဆုံးရှုံးခြင်း ဟာ အစိုးရဝါဒကို ဝေဖန်သူတွေရဲ့ ဘဝအစိတ်အပိုင်းအကြီးကြီးတ ခုဖြစ်ပါတယ်။ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေဟာ အခွင့်အရေးဆုံးရှုံးမှုလမ်း ကြောင်းကို လျှောက်ဖို့ တမင်တကာရွေးချယ်တတ်ကြပါသလဲ၊ Max Weber ကတော့ နိုင်ငံရေးသမားတွေအဖို့ အဆုံးအဖြတ်ဖြစ်စေနိုင် လောက်အောင် အရေးကြီးတဲ့အရည်အချင်း ၃ ခုဟာ စိတ်ဓာတ်ပြင်း ထန်ခြင်း၊ တာဝန်သိခြင်း၊ အရေးကြီးတာနဲ့ အရေးမကြီးတာကို ခွဲခြား နိုင်ခြင်းတို့ ဖြစ်တယ်လို့ ပြောပါတယ်။

ပထမအချက်ဖြစ်တဲ့ စိတ်ဓာတ်ပြင်းပြင်းထန်ထန်နဲ့ ခွန်အား စိုက်ထုတ် လုပ်ကိုင်ခြင်းဖြစ်တယ်လို့ အမိပ္ပါယ်ဖွင့်ဆိုပါတယ်။ အဲဒီလို စိတ်ဓာတ်ပြင်းထန်မှုမျိုးဟာ ဘေးအန္တရာယ်အများဆုံး နိုင်ငံရေးမျိုး ဖြစ်တဲ့ အစိုးရဝါဒကို သဘောမတူတဲ့ နိုင်ငံရေးမှာ ပါဝင်ပြီး လုပ်ကိုင်သူ တွေအဖို့ အလွန့်အလွန်အရေးကြီးပါတယ်။ ကျန်တဲ့ နိုင်ငံသားများနဲ့ တသီးတခြား လောကမှာနေထိုင်ဖို့ အစိုးရဝါဒ ဝေဖန်မှုလောကမှာ နေထိုင်ဖို့ကြေညာပြီးတော့ဖြစ်စေ၊ မကြေညာဘဲနဲ့ဖြစ်စေ ဆုံးဖြတ်ချက် ချမှတ်သူ လူတိုင်းလူတိုင်းရဲ့ အတွင်းသန္တာန်မှာ အဲဒီလို စိတ်ဓာတ်ပြင်း ထန်မှုမျိုး ရှိနေရပါတယ်။

ဒီလောကမှာနေထိုင်သူ လူထူးလူဆန်းတွေကို အမှတ်အသား ပြုနိုင်ဖို့ရာ အပြင်ပန်းလက္ခဏာရယ်လို့တော့ မရှိပါဘူး။ NLD အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ဌာနချုပ်ကို ရုံးဖွင့်တဲ့ရက် ဘယ်ရက်မဆိုလာ ကြည့်ပါ။ ရေစိမ်ခံ အကြမ်းခံ အဖွဲ့ဝင်တွေအတွက် စီစဉ်ထားတဲ့ ခ နော်နီ ခနော်နဲ့ ပုံမလှ ပန်းမလှ ခပ်ရိုးရိုးအဆောက်အဦးလေးတခုပါ။ ဒီအဆောက်အဦးကို အဲန်အယ်လ်ဒီ တင်းကုတ်ဆိုပြီး အခေါ်ခံရတာ ဟာဖြင့် တကြိမ်မကတော့ပါဘူး။ ဒီလိုခေါ်ကြတဲ့သူတွေဟာ စာနာတဲ့ စိတ်နဲ့ရော မကြာခဏဆိုသလို ချီးကျူးတဲ့စိတ်နဲ့ရော ပြုံးပြီးခေါ်ကြလေ့ ရှိတာဖြစ်တဲ့အတွက် ကျမတို့ကလည်း စိတ်မဆိုးပါဘူး။ တကယ်တော့ ကမ္ဘာမှာ ဩဇာသက်ရောက်မှုအကြီးမားဆုံး လှုပ်ရှားမှုတခုဟာ တင်း ကုပ်တခုထဲမှာ အစပြုခဲ့တာမဟုတ်လား။

ကျမတို့ရဲ့ လူနေစရာ ကြပ်ကြပ်တည်းတည်းနဲ့ ခပ်စုပ်စုပ်ရုံးခန်း မှာသူလိုကိုယ်လိုပုံပန်းသဏ္ဌာန် အများကြီးပေါက်တဲ့လူတွေကို မိတ် ဆွေတို့ တွေ့ရပါလိမ့်မယ်။ ကဗျာဆန်ဆန် ပုံမကျ ပန်းမကျဆံပင်ပုံစံ ကြီးနဲ့ အဲဒီသက်ကြီးရွယ်အိုကြီးက သတင်းစာ ဆရာလက်ဟောင်းကြီး

စာမျက်နှာ ၅ သို့

# အစိုးရသတင်းစာ သတင်းမှားများလုပ်ကြံရေးဟု ကေအိုင်အိုတုံ့ပြန်

**Mizzima | စက်တင်ဘာ ၆ ။** ။ ကချင်လွတ်မြောက်ရေး အဖွဲ့ KIO အဖွဲ့ထိပ်တန်းခေါင်းဆောင်များ၏ လိုင်ဇာမြို့ ဌာနချုပ်အစည်းအဝေး အတွင်း အချင်းများ ရန်ဖြစ်ရာက ပစ်ခတ်မှု ဖြစ်ပွားခဲ့ သည်ဟု အစိုးရ အာဘော် သတင်းစာကရေးသားထားခြင်းမှာ လုပ်ကြံ ပြောဆိုခြင်းသာ ဖြစ်ကြောင်း KIO ဒုစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်က ပြောသည်။

"ကေအိုင်အို အတွင်းမှာ အချင်းချင်း သဘောကွဲလွဲအောင်၊ သံသယ ရှိလာအောင် လုပ်တာပဲ။ နောက်တခြား အဖွဲ့အစည်းတွေက ကျနော်တို့ ကေအိုင်အိုအပေါ်မှာ ယုံကြည်ချက် ပျက်သွားအောင်၊ ပြည်သူလူထုကနေလည်းကေအိုင်အိုကို ယုံကြည်မှု မရှိအောင် လုပ်တာပဲ ဖြစ်တယ်"ဟု ဂွမ်မော်က မဇ္ဈိမကို ပြောသည်။

ကြာသပတေးနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ယခုလ ၁ ရက်နေ့က လိုင်ဇာမြို့တွင် ကျင်းပသော အစည်းအဝေးတွင် ငြိမ်းချမ်းရေး လိုလားသော KIO၏ တပ် KIAမှ စစ်မှုထမ်းဟောင်းများနှင့် စစ်လိုလားသူခေါင်းဆောင်များအကြား ပဋိပက္ခဖြစ်ပွားပြီး အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာမှ တဦးသေဆုံးကာ ခေါင်းဆောင် တဦးဒဏ်ရခဲ့သည်ဟု ဖော်ပြထားမှုကို ငြင်းဆိုလိုက်ခြင်း ဖြစ်သည်။

စက်တင်ဘာ ၂ ရက်နေ့မှ စတင်ကာ မြစ်ကြီးနားမြို့၊ ဗန်မော်၊ ဖားကန့်မြို့ နေရာအနှံ့တွင် အဓိက ကချင်အဖွဲ့ကြီး အတွင်း ပစ်ခတ်မှုဖြစ်ပွားသည်ဆိုသော လုပ်ကြံရေးသားထားသော စာများကို အစိုးရက လိုက်လံ ကပ်လျက် ရှိသည်ဟု ဒေသခံများက ပြောသည်။

"ကျနော်က လုပ်ကြံခံရတာ မြစ်ကြီးနားကို ပို့လာပါ။ ကျနော်တို့ အကုန် တာဝန်ယူမယ်၊ ဆေးကုသ ပေးမယ်ဆိုပြီး ဖုန်းဆက်လာတယ်။ မသိချင်ယောင်ဆောင်ပြီးတော့ ပြောနေတာ၊ မဟုတ်မှန်း သိလျက်နဲ့ ဒီနေ့ သတင်းမှာ ထည့်လိုက်တယ်"ဟု ဂွမ်မော်က ကချင်ပြည်နယ် နယ်စပ် လုံခြုံရေးဝန်ကြီး ဦးသန်းအောင်၏ ကိုယ်ရေးအရာရှိကိုညွှန်းဆိုပြော သည်။ အစိုးရသတင်းစာတွင် စက်တင်ဘာလ ၁ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲခန့်၌ ကေအိုင်အိုအဖွဲ့ ဗဟိုလိုင်ဇာမြို့တွင် အစည်းအဝေးပြုလုပ်၍ ကချင်ပြည်နယ်အတွင်း တပ်မတော်စစ်ကြောင်းများကိုပြောက်ကျားနည်းဖြင့် တိုးမြှင့်တိုက်ခိုက်နိုင်ရန် ညှိနှိုင်းခဲ့သည်ဟုဖော်ပြထားသည်။

သို့သော် အဆိုပါနေ့ရက်အချိန်က KIO ဌာနချုပ်တွင် အစည်းအဝေး ကျင်းပခြင်းမရှိကြောင်း ဗိုလ်မှူးချုပ်ဂွမ်မော်က ပြောသည်။ KIO အကြောင်းနှင့် ဂွမ်မော်၏ ကချင်ဘာသာဖြင့် ပြောထားသော မိန့်ခွန်းပါ ဗီစီဒီခွေများကို ဩဂုတ်လ ၂၈ ရက် နေ့က ကချင်လူထုအတွင်းဖြန့်ဝေမှုပြုခဲ့ခြင်းကြောင့် အစိုးရက လက်တုံ့ပြန်ခြင်းဖြစ်မည်ဟုစစ်အစိုးရနှင့် ငြိမ်းချမ်းရေး သဘောတူချက် မရသဲ ဖြစ်နေသော ကချင်ခေါင်းဆောင်များက ယူဆနေကြသည်။

"ဒီခွေကြောင့် မြန်မာအစိုးရက တော်တော် မျက်နှာပျက်နေရလို့ ဒီလိုကောလဟာလသတင်းဖြန့်လိုက်တာပဲ"ဟု KIOပြောရေးဆိုခွင့်ရှိသူ ဦးလနန်က ပြောသည်။ ဗီစီဒီခွေအတွင်း အပစ်အခတ် ရပ်ထားသော ၁၇ နှစ်ကာလအတွင်း နိုင်ငံရေး ဆွေးနွေးခွင့် မရရှိခဲ့ခြင်းနှင့်လက်ရှိ ငြိမ်းချမ်းရေးယူရန် စစ်မှန်သည့် နိုင်ငံရေး ဆွေးနွေးမှုကို တိုင်းရင်းသား ၁၂ ဖွဲ့ပေါင်းစည်းထားသည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC မှ ဦးဆောင်သွားရန်ဟူသည့် အချက်များ ပါဝင်သည်။ ယင်းသို့ဖြစ်နေသည့် အခြေအနေများတွင် အစိုးရမှ ဖိအားပေးသည့် အနေဖြင့် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငံဆိုင်နှင့် ငြိမ်းချမ်းရေးအဖွဲ့ ကိုယ်စားလှယ် ဦးသန်းအောင်တို့မှ မြစ်ကြီးနား ဒေသခံများကို ငြိမ်းချမ်းရေး အတွက် KIO က အစိုးရနှင့်သဘောတူ လက်မှတ်ထိုးပါရန် တိုက်တွန်းမှုများ ရှိနေသည်။

နေပြည်တော်က KIO နှင့် အပစ်ခတ် ရပ်စဲရေး ဆွေးနွေးမှုကို ပြည်နယ်အစိုးရနှင့်သာ လွှဲအပ်ထားလိုပြီး တဖွဲ့ချင်းသာ သီးသန့် ဆွေးနွေးမှု လုပ်လိုနေရာ "သွေးခွဲမှု အုပ်ချုပ်မှု"ဟုဆိုကာ တိုင်းရင်းသား တပ်ပေါင်းစုက ငြင်းဆန်ထားသည်။

လက်ရှိ မြန်မာအစိုးရနှင့် KIO အကြား ဖြစ်ပွားနေသော တိုက်ပွဲကြောင့် မြစ်ကြီးနားတွင် စစ်ပြေးဒုက္ခသည်ခြောက်ထောင်ကျော်၊ ဝိုင်းမော်တွင် ရှစ်ထောင်ခန့်နှင့် လိုင်ဇာမြို့တွင် နှစ်သောင်းကျော်ရှိသည်ဟု KIO နှင့်ဒေသခံများက ပြောသည်။

---

**စာမျက်နှာ ၄ မှ**

တယောက်ပါ။ သူက အစိုးရဝါဒဖေဖန်သူ ထိပ်တန်းပုဂ္ဂိုလ်ကြီးတယောက်လည်းဖြစ်ပါတယ်။ ထောင်ထဲမှာ နှစ်ပေါင်း ၂၀ ကြာပြီး လွတ်လာတဲ့အချိန်မှာ သူ့ရဲ့စိတ်ချမ်းမြေ့ဖွယ်ရာအတွေ့အကြုံတွေအကြောင်း စာအုပ်တအုပ်ကို ချက်ချင်းကောက်ပြီး ရေးပါတယ်။

စုအုပ်နံမည်က Is This A Human Hell ဘာလဲဟဲ့ လူ့ငရဲ... တဲ့။ ဗမာပြည်မှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူတွေ ထောင်နဲ့ချီအောင် ရှိနေဆဲဆိုတာကို အမှတ်ရနေစေဖို့အတွက်ဆိုပြီး သူက ထောင်အကျံအပြာရောင်ကို အမြဲဝတ်ပါတယ်။ မျက်နှာမှာ သောကရင်း၊ အရိပ်အရောင်းကင်းရှင်းတဲ့ ဟောဒီသပ်သပ် ရပ်ရပ်နဲ့ မျက်မှန်နဲ့အမျိုးသမီးကတော့ ထောင်ထဲမှာ ၉ နှစ်နေခဲ့ရသူ ဆရာဝန်တယောက်ပါ။ လွန်ခဲ့တဲ့ ၃ နှစ်မှာ သူလွတ်လပ်လာတဲ့အချိန်ကစလို့ သူဟာ ကျမတို့ပါတီရဲ့ လူမှုရေးနဲ့ လူသားဒုက္ခ ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းတွေမှာ ဝင်ရောက်ပြီး အားလပ်ရက်ရယ်လို့မရှိအောင် လုပ်ကိုင်နေခဲ့ပါတယ်။ အသက် ၈၀ ကျော် အရွယ်ပိုင်းရောက်နေတဲ့ ခင်ဖို့ကောင်းတဲ့ အဖွားအိုကြီးတချို့လည်း ရှိပါတယ်။

သူတို့ဟာ ၁၉၉၇ ခုနှစ်ကစပြီး ကျမတို့ရဲ့ ရုံးခန်းကို မှန်မှန်ရောက်လာလေ့ရှိသူပါ။ အဲဒီနှစ်ဟာ ကျမတို့အဖို့ Tsunami ဒီရေလှိုင်းလုံးကြီး ရိုက်ခတ်ခဲ့တဲ့ နှစ် တနှစ်ပါဘဲ။ အဲဒီနှစ်မှာ ဖိနှိပ်ချုပ်ချယ်မှုလှိုင်းလုံး အကြီးကြီးရဲ့ဒဏ်ကြောင့် ကျမတို့ရဲ့ ဒီမိုကရေစီအရေး လှုပ်ရှားနေသူ အမြောက်အများဟာ ထောင်ထဲရောက်ကုန်ခဲ့ပါတယ်။ ကျမတို့ပါတီရဲ့ အစည်းအဝေးတခုမှာ ကျမက ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသူတွေရဲ့ ဇနီး သားမယား တွေကိုရော သားငယ် သမီးငယ်တွေကိုရော မိအို ဖအိုတွေကိုရော ပြောပါတယ်။

ကျမတို့ဆောင်ရွက်နေတဲ့အရေးကိုညီညီညွတ်ညွတ်နဲ့ထောက်ခံကြပါ။ ကျမတို့ဟာ လက်မြောက်အရှုံးပေးမှာ မဟုတ်ကြောင်း၊ ထောင်ထဲမရောက်ပဲ ကျန်ခဲ့တဲ့ ကျမတို့တတွေဟာ ထောင်ထဲ ရောက်လို့ လွတ်လပ်ခွင့်ချုပ်ချယ်ခံရသူတွေရဲ့အလံတော်ကို ကောက်ကိုင်ခဲ့ကြတဲ့ သတ္တိခဲတွေအထဲမှာ အခုနပြောတဲ့ ခင်ဖို့ကောင်းတဲ့ အဖွားအိုကြီးတွေလည်း ပါဝင်ပါတယ်။ သူတို့ဟာ ခိုင်မြဲတဲ့စိတ်ဓာတ် အင်အားကြီးကြီးမားမားနဲ့ အလံတော်ကို ကိုင်စွဲမြဲ ကိုင်စွဲနေကြပါတယ်။

# ဒေါ်တိုင်းသွား နှင်တိုင်း ထွက်ရမှာလား

**ရဲဘော် ဖိုးသံချောင်း**

**မဇ္ဈိမ အင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြပါသည်**

ပြီးခဲ့တဲ့ ဩဂုတ်လ ၁၇ရက်နေ့က ပြောခဲ့တဲ့ ကြံ့ဖွံ့အစိုးရ ဦး/ဗိုလ်ချုပ်သိန်းစိန်ရဲ့ မိန့်ခွန်းကို မှတ်မိကြလိမ့်မယ်လို့ ထင်ပါတယ်။ "သဘောထားအမြင်ချင်း မတူကြတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေ မတူကွဲပြားတာတွေကို ဘေးဖယ်၊ တိုင်းပြည်အတွက် အမှန်အကျိုးရှိစေမယ့် ဘုံအကျိုးစီးပွားတွေမှာ ပူးပေါင်းဆောင်ရွက်ရန် အမြဲဖိတ်ခေါ်ပါတယ်" ဆိုတဲ့စကားလို ရှန်းရှန်းဝေနေတဲ့ အပြောတွေလည်း အများအပြားပါရှိတဲ့မိန့်ခွန်းဖြစ်ပါတယ်။

ကြံ့ဖွံ့အစိုးရက ပြည်ပရောက်နေသူတွေအပေါ် သဘောထားကြီးကြောင်းပြတဲ့အနေနဲ့ "ပြည်ပကို အကြောင်းအမျိုးမျိုးနှင့် ထွက်ခွာသွားသူများ ပြန်လာနိုင်ကြောင်း" လို့တောင် မိန့်ခွန်းမှာပါခဲ့ပါတယ်။

အမျိုးသားရင်ကြားစေ့ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးစတဲ့ အသုံးအနှုန်းတွေကို တမင်ရှောင်ကွင်းပြီး ပြောထားတဲ့ သမ္မတသစ်ရဲ့ မိန့်ခွန်းရှည်ကြီးမှာ ထုတ်မပြောသော်လည်း ထင်ရှားစွာမြင်နေရတဲ့ အချက်သုံးချက် ပါရှိပါတယ်။

(၁) အာဆီယံဥက္ကဋ္ဌဖြစ်ရေးနဲ့ အနောက်နိုင်ငံတွေက သူတို့အပေါ် ကျပ်ထားတဲ့မူလီတွေကို လျှော့ပေးစေရေး။

(၂) ပြည်ပရောက်တွေထဲမှာ သပ်လျှိုသွေးခွဲရေး။

(၃) သူတို့ကို ဆန့်ကျင်နေသူတွေကို အသက်သာဆုံးနည်းနဲ့ ဖမ်းဆီးနိုင်ပြီး နိုင်ငံရေးအရအသေသတ်ပစ်ရေး။

နံပါတ်တစ်ကိုတော့ အထူးပြောနေစရာမလိုပါဘူး။ ထုံးစံအတိုင်း ပြည်တွင်းပြည်ပ နိုင်ငံရေးနားလည်သူ အားလုံးက ဒီစစ်ဗိုလ်တွေ ပါးစပ်ဟလိုက်တာနဲ့ အူဘယ်နှစ်ခွေ ရှိတယ်ဆိုတာကို မြင်ရတယ်ဆိုတဲ့ ကိစ္စမျိုး ဖြစ်ပါတယ်။

နံပါတ်နှစ် အချက်ကတော့ သတိထားသင့်တဲ့ ဖြစ်ပါတယ်။ အတိုက် အခံ အင်အားစုတွေအကြားမှာ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေ ဆန္ဒခံယူပွဲမှာ Vote No - No Vote ကွဲခဲ့တာ၊ ၂၀၁၀ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲဝင်ရေး၊ မဝင်ရေး ကွဲခဲ့တာတွေကို ပြန်ကြည့်ရင် နအဖလုပ်ခဲ့တာတွေဟာ တစုံတရာ ထိရောက်မှုရှိတယ်ဆိုတာတွေ့ရပါမယ်။ အနည်းဆုံး ရှုပ်ထွေးမှုကို ဖန်တီးနိုင်ခဲ့ပါတယ်။ အခုအခါမှာလည်းသမ္မတရဲ့မိန့်ခွန်းထွက်လာတာနဲ့ ပြည်တွင်း ပြည်ပက နိုင်ငံရေးလောကမှာ မတူတဲ့ ပြောကြားနည်းတွေ ကြားခဲ့ကြ ရပါတယ်။

ဒါပေမဲ့ ရှစ်လေးလုံးအရေးတော်ပုံကနေ စတွက်လိုက်ရင်အနှစ်နှစ်ဆယ်ကျော် နိုင်ငံရေးလုပ်လာသူတွေအနေနဲ့ အခု ဒီမြှူဆွယ်ချက်လေးကျမှ မျက်စိလည်တာ၊ နားယောင်တာဆိုရင်တော့ ညံ့လွန်းရာကျပါတယ်။ ဗိုလ်သိန်းစိန်ရဲ့မိန့်ခွန်းမှာ "ပြစ်မှုတစုံတရာ ကျူးလွန်သွားတာမရှိရင် အချိန်မရွေး ပြန်လာနိုင်ဖို့ ကျနော်တို့ စဉ်းစားပေးမှာဖြစ်ပါတယ်"လို့ဆိုပါတယ်။ အပြစ်ကျူးလွန်တာမရှိခဲ့မှပါတဲ့။ အပြစ်ဆိုတာဘာလဲ ပြောမထားပါဘူး။

နောက်ပြီး စဉ်းစားပေးမှာပါတဲ့။ ပြည်ပကနေ လက်နက်ချကြောင်း နှုတ်နဲ့၊ စာနဲ့ဖော်ပြရမှာလား။ တကယ်ကတော့ ကိုယ့်ယောင်ကိုဆွဲပြီး နန်းထဲဝင်တာ။ ကိုယ့်ကိုယ်ကို လက်ထိပ်ခတ်ပြီး ရဲစခန်းပို့တာပဲဖြစ်မှာပါ။ မမေ့သင့်တာက ဗိုလ်သိန်းစိန်တို့ရဲ့ "ဒီတံခါးဖွင့်ပေး မှုဟာ သဗ္ဗေသတ္တာဝေနေယျာအားလုံးကို ရည်ရွယ်ပြီး ဖွင့်လိုက်တာမဟုတ်ပါဘူး။ ဒီလို ကမ်းလှမ်းတဲ့အတွက် ဘယ်လိုလူကလာပြီး ဘယ်လိုလူက မလာဘူးဆိုတာ သူတို့လည်း သူတို့ရဲ့ အတွေ့အကြုံအရ သိပါတယ်။ တချို့သော ပြည်ပမှာမြှုပ်ထားတဲ့သူတို့ရဲ့ လူတွေ အိမ်ပြန်ကောင်းအောင် လုပ်တာလားလည်း စဉ်းစားစရာဖြစ်နေပါတယ်။

အခုအထိတော့ "စာတမ်းဖတ်သူ"တွေက လမ်းဖောက်လိုက်ပါပြီ။ တချိန်တည်းမှာ ဘယ်သူတွေတော့ ပြန်လာလို့ ဗမာပြည်ပြန်ရောက်နေပြီစတဲ့ ကောလာဟာလတွေကိုလည်း လွှင့်ပေးနေပါတယ်။ ဒါ့အပြင် သမ္မတဆိုသူက ပြောပြီးလို့မှ ဘာမှမကြာဘူး ပြည်ထဲရေးဝန်ကြီးဆိုသူက "မည်သည့် တရားမဝင်သွားရောက်မှုမျိုးကို မဆိုတရားဥပဒေအရအရေးယူ အပြစ်ပေးနိုင်ပါကြောင်း၊ သက်ဆိုင်ရာ ဌာနများကလည်း အာဆီယံ ရဲတပ်ဖွဲ့၊ နိုင်ငံတကာရဲတပ်ဖွဲ့ စသည့် အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဥပဒေဖောက်ဖျက်ကျူးလွန်ပြီး နိုင်ငံခြားတိုင်းပြည်သို့ရောက်ရှိနေသူများကို ဖမ်းဆီးနိုင်ရေးအတွက်ဆောင် ရွက်လျက်ရှိပါကြောင်း"ပြောလာပါတယ်။ ငါးစာပါမက ငါးမျှားချိတ်ကိုပါ မြင်ရတယ်လို့ ဆိုနိုင်ပါတယ်။

ရုပ်ရှင်ကားတကားလိုဆိုရင် ဒီဟာတွေက ဇာတ်လမ်းရဲ့ အစပိုင်းမှာတွေ့ရတာတွေပါ။ အခုတော့ ဇာတ်လယ်ပိုင်းလို့ ဆိုရမယ့်ကိစ္စတွေကို ကြပ်ပြေးလွှတ်တော်ကြီးမှာ စတွေ့လာရပါပြီ။ ဒီအထဲကတခုကတော့ တနေ့ကမှ ဆုံးဖြတ်လိုက်တဲ့ ပုဒ်မ (၅)ဥပဒေဖျက်သိမ်းရေးကိစ္စပါ။ အဆိုတင်တဲ့လူက ဒီ"လွှတ်တော်ကြီး" ထဲကနေ ဒီမိုကရေစီတွေ ပေါက်ဖွားလာမယ်လို့ဖော်ထုတ်ပြသရင်း ဦး/ဗိုလ်ချုပ်သိန်းစိန်တို့ အပေါ်ထားရှိတဲ့ သူ့စေတနာကို အကောင်းအထည် ဖော်ခဲ့တာဖြစ်ပါတယ်။ သူက မြန်မာပြည်မှာ ဒီပုဒ်မ (၅) ကြီး ပေါ်ပေါက်ခဲ့တာဟာ တရားမှန်ကန်တယ်လို့ ပြောသွားတာကို သတိထား မိလိုက်ကြမှာပါ။ ဖဆပလခေတ်ကစလို့ ဗိုလ်သန်းရွှေ လက်ထက်အထိ ခေတ်အဆက်ဆက် ပုဒ်မ(၅)နဲ့ ဖမ်းခဲ့တာတွေဟာ တရားတယ်၊ ဖမ်းသင့်တယ်လို့ ပြောတာပါပဲ။ ဒါပေမယ့် သူ့စေတနာကို သူ့သမ္မတကြီးက လက်တွေ့တုန့်ပြန်လိုက်ပုံက လျှို့ဝှက်မဲပေးခွင့် မပြုတာနဲ့ အစချီပါတယ်။

နောက်ပြီး စစ်အုပ်စုရဲ့ အမာခံအင်အားစုအဖြစ် စစ်ဗိုလ်ကိုယ်စားလှယ်တွေနဲ့ ကြံ့ဖွံ့ကိုယ်စားလှယ်တွေက "အရေးကြီးရင်းဖြင့်သူတို့သွေးနည်းသူတွေဟာ" တသားတည်းဖြစ်ကြောင်း မားမားရပ်ပြလိုက်ပါတယ်။ ဒီအထဲမှာ မတ်တပ်ရပ်ပြရမယ်ဆိုတော့ နောက်တွန့်သွားကြတဲ့၊ ထမရပ်ရဲကြတဲ့ လူထုကိုယ်စားတော်ကြီးများလည်းရှိတယ်လို့ ပြော သံတွေထွက်လာပါတယ်။ ဒီကိစ္စမှာကြုံလိုက်ရတဲ့ ထောက်ခံမဲ ၈ မဲ။ ကြားနေမဲ ၄၁ မဲ၊ ကန့်ကွက်မဲ ၃၃၆ မဲ ဆိုတာဟာ နောင်အရေးကြီးတဲ့ကိစ္စတွေကို ဆုံးဖြတ်တိုင်း၊ စစ်အုပ်စုက မလိုက်လျောချင်တဲ့ကိစ္စတွေကို မဲခွဲဆုံးဖြတ်တိုင်းတွေ့ရမယ့် မဲအရေအတွက်ဆိုရင် မမှားဘူး ထင်ပါတယ်။

အဲဒီနောက် ဩဂုတ်လ ထပ်တွေ့ရတာကတော့ "ပြည်ထောင်စုအစိုးရနှင့်တိုင်းနှင့် ပြည်နယ်များ၏ ရက် ၁၀၀ ကာလ အတွင်းဆောင်

**စာမျက်နှာ ၁၈ သို့**

# အမေရိကန် ပိတ်ဆို့မှု ခရိုနီ များကြောက်ရွံ့ ဟု ဝီကီလိခ်ကြေးနန်းစာက ဆို

**Mizzima၊ စက်တင်ဘာ ၈ ။** ။ မထိရောက်ဟု လူအများပြောနေကြသော်လည်း အမေရိကန်အစိုးရ၏ စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုကို မြန်မာအစိုးရလက်ရင်းလူယုံ စီးပွားရေးလုပ်ငန်းရှင်များ(ခရိုနီ)ကြောက်ရွံ့လာနေကြသည်ဟု ရန်ကုန်မြို့ အမေရိကန်သံရုံးက သုံးသပ်မှုပြုခဲ့သည်ကို ဝီကီလိခ် အင်တာနက်စာမျက်နှာများတွင် ပေါက်ကြားလာခဲ့သော အမေရိကန်နိုင်ငံခြားရေးဌာနလျှို့ဝှက်ကြေးနန်းစာတစောင်တွင် ပါရှိသည်။

ဩဂုတ် ၃၀ ရက်နေ့က ပေါက်ကြားသော ကြေးနန်းစာထဲတွင် ထူးထရိတ်ဒင်းကုမ္ပဏီပိုင်ရှင် ဦးတေဇ၊ အေးရှားဝေါလ်ကုမ္ပဏီမှစတီဗင်လောနှင့် လက်ရှိအောက်လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်း၏သား ရေရွှေဝါကုမ္ပဏီပိုင်ရှင် ဦးအောင်သက်မန်းတို့ကို နာမည်တပ်ညွှန်းဆိုထားပြီး သူတို့ပိုင်ငွေများကို အပ်နှံလေ့ရှိသော စင်္ကာပူဘဏ်ကြီးများက ပိုမိုတင်းကျပ်သော စည်းကမ်းများချမှတ်လိုက်၍ အခက်အခဲများဖြစ်လာကြောင်း ပါရှိသည်။

ရန်ကုန်အမေရိကန်သံရုံးက ဝါရှင်တန်မြို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးထံ ပေးပို့သည့် ၂၀၀၈ ခု မတ်လ ၂၅ ရက်စွဲပါကြေးနန်းစာတွင် သံရုံးအဆက်သွယ်များမှတဆင့် သိရသော သတင်းအချက်အလက်များကိုအခြေခံပြီးရေးသားထားရာတွင်မြန်မာနိုင်ငံသားများကို ဘဏ်စာရင်းတခုမကဖွင့်ခွင့်ပေးသော ယင်းဘဏ်နှစ်ခုက ဘဏ်စာရင်းတခုသာ ဖွင့်ခွင့်ပေးပြီး ချက်လက်မှတ်ဖြင့် ပေးချေခွင့်ကိုလည်း လက်မခံတော့ကြောင်း ပါရှိသည်။ ထို့အပြင် ငွေလွှဲစာတမ်း letter of credit-LC ကို လည်း ဘဏ်မှ မထုတ်ပေးတော့ကြောင်းပါရှိသည်။

"အခုဆိုရင် စင်ကာပူဘဏ်တွေဟာ မြန်မာနိုင်ငံနဲ့ ငွေအလွဲအပြောင်းတွေကို အနီးကပ်စောင့်ကြည့်နေပြီး ကုမ္ပဏီ ဒါမှမဟုတ် ပုဂ္ဂလိက တဦးချင်းက စင်ကာပူဒေါ်လာ ၃၀,၀၀၀ ကျော်ပြီး ပို့ချင်တယ်ဆိုရင် ဒီငွေဘယ်ကရလည်းဆိုတာ ဖော်ပြရတော့မှာပါ" ဟု သံအရာရှိက သိရှိရချက်ကို ပြန်လည်ပြောဆိုထားသည်။

အမေရိကန် ဘဏ္ဍာရေးဌာန၏ အရေးယူစာရင်းပါ စီးပွားရေးသမားများအနက် အချို့က စင်္ကာပူနိုင်ငံအစား ဒူဘိုင်း၊ ကိုရီးယား၊ ဟောင်ကောင် နိုင်ငံတို့မှဘဏ်များမှတဆင့် ငွေလွှဲပြောင်းနိုင်ရေးနည်းလမ်းရှာနေကြသည်ဟု ဆိုသည်။

UOB ဘဏ်က ကိုရီးယားသို့ ငွေမလွှဲပေးသဖြင့် ကိုရီးယားကုမ္ပဏီတခုထံမှ ကုန်ပစ္စည်းတင် သင်္ဘောနှစ်စင်း ဝယ်ယူရန်လက်မှတ်ထိုးပြီးမှ ဦးတေဇ အစီအစဉ်ဖျက်လိုက်ရသည်ကအစ အမေရိကန်သံရုံးက သိရှိနေခဲ့သည်။ မြန်မာစစ်အစိုးရက သူ့အား ကျားကန်ပေးနေသူများကို လုပ်ပိုင်ခွင့်များ ပြန်ပေးနေသည်ကိုလည်း ရန်ကုန် အမေရိကန်သံရုံးက ထောက်ပြထားသေးသည်။

ဦးတေဇမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ပိုင် "မြန်ဂုဏ်မြင့်" ကားတင်သွင်းသည့် ကုမ္ပဏီကိုလည်း လွှဲပြောင်းလုပ်ပိုင်ခွင့်ရတော့မည်ဟု သံရုံးက သူ၏စိတ်ချရသည့် စီးပွားရေးလုပ်ငန်းရှင် အဆက်သွယ်များမှတဆင့်ကြိုတင်သိရှိနေသည်။ ကားတစီးတင်သွင်းလျင် အမေရိကန်ဒေါ်လာ ငါးသောင်းမှ တသိန်းအကြား အမြတ်ရမည် ဟုဆိုသည်။ သစ်၊ ကျောက်မျက်ရတနာနှင့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းနှင့် လေကြောင်းလိုင်း စသည့်လုပ်ငန်းကြီးများ လုပ်ကိုင်နေသော ထူးထရေးဒင်းအုပ်စုတွင်လည်း ညွှန်ကြားရေးမှူးလုပ်နေသည့် ဦးအောင်သက်မန်းကမူ စင်္ကာပူတွင် Asia Might၊ Ayer Hinda၊ Terres trial စသည့် ကုန်သွယ်ရေးကုမ္ပဏီ သုံးခုကို ထပ်မံဖွင့် လှစ်သည်။

နေပြည်တော်ရှိ တိရစ္ဆာန်ဥယာဉ်အသစ်နှင့် ဈေးဝယ်စင်တာကြီးများ၊ အဝေးပြေးကားလမ်းများကို အခမဲ့ တည်ဆောက်ပေးခဲ့သည့်အတွက် စတီဗင်လော (ထွန်းမြင့်နိုင်) မှာမူ တစီးလျင် အမေရိကန်ဒေါ်လာ နှစ်သိန်းတန်သည့် ကားအစီး ၂၀ တင်သွင်းခွင့် လိုင်စင်နှင့်ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းမှ ဆောက်လုပ်ရေးလုပ်ငန်းလိုင်စင်များ ရထားသည်ဟု ကြေးနန်းက ဖော်ပြထားသည်။

စတီဗင်လောနှင့် သူ၏ဇနီး၊ ဖခင် ဘိန်းဘုရင်ဟောင်း လော်စစ်ဟန်တို့နှင့် သူတို့ပိုင်သည့် အေးရှားဝေါလ်ကုမ္ပဏီ အပါအဝင် ဆိပ်ကမ်းစီမံရေး၊ စက်မှုလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းကုမ္ပဏီတို့ကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၁၀ ခုက စတင် ပိတ်ဆို့ခဲ့ သည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီးပွားရေးပိတ်ဆို့မှုအရ အမေရိကန်ဘဏ်များ၊ ကုန်သွယ်ရေးကုမ္ပဏီများ၊ အာမခံကုမ္ပဏီများသာမက အမေရိကန် နိုင်ငံသားတဦးချင်းကပင် ပိတ်ဆို့ခံထားရသည့် မြန်မာကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ဘဏ္ဍာရေးအရ ဆက်စပ်ပိုင်ခွင့်မရှိပေ။ ယင်းပိတ်ဆို့မှုသည် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရ်ှအစိုးရလက်ထက် ၂၀၀၃ ခုက မြန်မာ့လွတ်လပ်မှုနှင့် ဒီမိုကရေစီအက်ဥပဒေ Burmese Freedom and Democracy Act ot 2003 ကို လက်မှတ်ထိုးထုတ်ပြန်ခဲ့ပြီးနောက် မြန်မာ့ကုန်ပစ္စည်းများ အမေရိကန်သို့ တင်သွင်းခွင့်ပိတ်ခဲ့သည်။ ထို့နောက် ၂၀၀၈ တွင် ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့မှုများ တိုးချဲ့ဆောင်ရွက်ခဲ့သည်။

သူတို့နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုနှင့် ကိုယ်ရေးအချက်အလက်များကိုလည်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက သူ၏အင်တာနက်စာမျက်နှာတွင် တရားဝင်ထုတ်ပြန်ထားသည်။

---

## မကွေးတိုင်း တောင်သူတွေ လယ်ပြန်လုပ်ခွင့် အခုထိ မရသေး

**DVB၊ စက်တင်ဘာ ၇ ။** ။ မကွေးတိုင်းအောင်လံဒေသကလယ်မြေသိမ်းခံရတဲ့ တောင်သူတွေဟာ လယ်ပြန်လုပ်ခွင့်ရရေးအတွက် ရန်ကုန်ရှိ အိုင်အယ်လ်အိုရုံးရဲ့ အကူအညီနဲ့ ဆောင်ရွက်နေပေမယ့် အခုချိန်ထိ မရသေးဘူးလို့ လယ်သမားတွေက ပြောပါတယ်။

လယ်သမားတွေက သူတို့ရဲ့ ဘိုးဘွားပိုင် လယ်မြေပြန်ရရေးအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို)ကို ထပ်မံတိုင်ကြားလိုက်တယ်လို့ လယ်သမားဦးသန်းစိုးကပြောပါတယ်။

ဦးသန်းစိုးအပါအဝင် အောင်လံက လယ်သမား ၃၈ ဦးရဲ့ လယ်မြေတွေကို သကြားစက်ပိုင်အဖြစ် အာဏာပိုင်တွေက သိမ်းယူခဲ့တာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး အိုင်အယ်လ်အိုကို တိုင်ကြားတဲ့အတွက် ဦးသန်းစိုးအပါအဝင် တောင်သူ ၁၂ ဦးကို အာဏာပိုင်တွေက ၂၀၀၉ အောက်တိုဘာလအတွင်းမှာ အမှုဆင် ဖမ်းဆီးထောင်ချခဲ့ပါတယ်။

**စာမျက်နှာ ၈ သို့**

# အပြောင်းအလဲ လမ်းစပေါ်လာတာဖြစ်နိုင်

မကြာသေးခင်က ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခဲ့တဲ့ဟာ နိုင်ငံအတွက် သိသာထင်ရှားတဲ့ နိုင်ငံရေးအပြောင်းအလဲတွေ ဖြစ်လာစေဖို့ လမ်းစပေါ်လာတာဖြစ်တယ်လို့ ဆောင်းပါးရှင် Larry Jagen က ဆိုပါတယ်။

သမိုင်းတွင်တဲ့တွေ့ဆုံမှုလို့ ပြောဆိုနေတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမတ ဦးသိန်းစိန်တို့ နေပြည်တော်မှာ တွေ့ဆုံခဲ့ကြရာမှာ ရလာဒ်ကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အားရ ကျေနပ်မိတယ်လို့ ပြောဆိုခဲ့ပါတယ်။

အဲဒီက ဆွေးနွေးချက်တချို့ကို ဒေါ်အောင်ဆန်းစုကြည်ဘက်က ထုတ်ဖော်ပြောဆိုခဲ့တာ ရှိပေမယ့် ဒီဆွေးနွေးပွဲကနေ မြန်မာနိုင်ငံအတွက် တကယ်တမ်း သဘောတူညီချက်တွေ အများကြီးရှိနိုင်ပြီး ခန့်မှန်းဖို့တော့ တော်တော်လေးခက်ပါတယ်။

တကယ်တော့ မြန်မာနိုင်ငံရဲ့အခြေအနေအရ ဒီဆွေးနွေးပွဲဟာ ပထမအကြိမ်သာဖြစ်ပေမယ့် အတော့်ကိုထူးခြားတဲ့ ဖြစ်စဉ်တခု အရေးကြီးတဲ့ တွေ့ဆုံမှုတခုလို့ ပြောရမှာဖြစ်ပါတယ်။ ဆွေးနွေးပွဲအပြီး ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ သက်တောင့်သက်သာ အနေအထားနဲ့ အပြုံးတွေအပြင် ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံနောက်ခံနဲ့ မြင်တွေ့ရတဲ့ အခြေအနေဟာ အလွန်အရေးကြီးပါတယ်။

အခုလို ဗိုလ်ချုပ်ဓာတ်ပုံကို ချိတ်ဆွဲထားတာဟာ တိုက်ဆိုင်မှုမဟုတ်ဘူးလို့ အစိုးရအရာရှိတဦးက ကျနော့်ကိုပြောပါတယ်။ သမတဦးသိန်းစိန်ဟာ ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံ့ဖခင်ကြီး လွတ်လပ်ရေးရဲ့ သူရဲကောင်းအနေနဲ့ အသိအမှတ်ပြုတာကို ပြချင်လို့ တမင်ကို ဓာတ်ပုံကိုချိတ်ဆွဲထားတာလို့ ဆိုပါတယ်။

အရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေခေတ်မှာ ဗိုလ်ချုပ်ရဲ့ သမိုင်းနဲ့ ပုံရိပ်တွေကို ဖျောက်ဖျက်ဖို့ ကြိုးပမ်းခဲ့တာကို ဦးသိန်းစိန်က ချေဖျက်လိုက်တာဖြစ်ပါတယ်။ ဒီအချက်ဟာ အရေးကြီးပါတယ်။ ကျနော်တို့ ခင်ဗျားနဲ့လက်တွဲပြီး အလုပ်လုပ်ဖို့ လိုလိုလားလား ရှိပါတယ်ဆိုတာကို ဒေါ်အောင်ဆန်းစုကြည်ကို ပြသလိုက်တာဖြစ်တယ်လို့ သမတ နဲ့နီးစပ်တဲ့ အရာရှိတဦးက ကျနော့်ကိုပြောပါတယ်။

ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးသမားတဦး NLD ခေါင်းဆောင်တဦး အဖြစ်နဲ့သာမဟုတ်ပဲ လူထုရဲ့ အရေးကြီးတဲ့ ပြိုင်ဘက်တခုအဖြစ် အသိအမှတ်ပြုပါတယ်ဆိုတာ ပြသလိုက်တာဖြစ်ပါတယ်။ နေပြည်တော် သတင်းရပ်ကွက်အဆိုအရ ဆွေးနွေးပွဲမှာ ဦးသိန်းစိန်က ဒေါ်အောင်ဆန်းစုကြည်ကို သူ့ရှေ့ ဆောင်ရွက်နိုင်မယ့်လမ်းကြောင်းတွေ အခန်းကဏ္ဍတွေကို ပြောခဲ့ပါတယ်။

တကယ်တော့ဆွေးနွေးပွဲဟာညှိနှိုင်းဆွေးနွေးတဲ့ပွဲမဟုတ်ပါဘူး နိုင်ငံမှာတကယ့်ဒီမိုကရေစီအသွင်ပြောင်းရေးအတွက်ယုံကြည်မှုတည်ဆောက်တဲ့ အစည်းအဝေးလို့ ပြောနိုင်မှာပါ။ ဦးသိန်းစိန်ဘက်ကNLD ပါတီ တရားမဝင် ဖြစ်နေတဲ့အခြေအနေတွေအပြင် ဒေါ်အောင်ဆန်းစုကြည် လွတ်လွတ်လပ်လပ် ခရီးသွားနိုင်ဖို့ အာမခံချက်တွေ ပေးနိုင်သလို ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လည်း နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးကို ထိပ်တန်းက မီးမောင်းထိုး တင်ပြမှာပါ။

ဦးသိန်းစိန်အနေနဲ့ အိမ်နီးချင်း အာဆီယံတွေအပေါ်အဝင် ပြင်ပကမ္ဘာနဲ့ သူ့ရဲ့ဆက်ဆံရေးမှာ ဒီအချက်ဟာ အရေးကြီးတယ်ဆိုတာ သိပြီးသားပါ။ ဒီအချက်ကြောင့်ဘဲ ၂၀၁၄ ခု အာဆီယံအလှည့်ကျ ဥက္ကဋ္ဌရာထူး လက်ခံရေးဟာ အစဉ်ပြေ ချောမွေ့သွားနိုင်တယ် မဟုတ်ပါလား။

တဘက်ကကြည့်မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ဘက်ကလည်း အမေရိကန်ရဲ့ ပိတ်ဆို့မှု ရုတ်သိမ်းပြီး ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်တွေ ပြန်လည်ရရှိဖို့ကိစ္စအပြင် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့ IMF တို့နဲ့ အနောက်နိုင်ငံတို့က ပိတ်ဆို့မှုကို ဖယ်ရှင်းရေးကို ဆောင်ရွက်ပေးရပါလိမ့်မယ်။

ဒီအချက်ဟာ မြန်မာနိုင်ငံစီးပွားရေးအတွက် အစိုးရအနေနဲ့ အရေးကြီးတယ်ဆိုတာကို သိပြီးသားပါ။ တကယ်တော့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေးအပါအဝင် အခုအစီအစဉ်တွေအတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စီစဉ်ခဲ့တာ ဖြစ်နိုင်ပါတယ်။

နဂိုကစီစဉ်ထားသလို ဦးသိန်းစိန်ရဲ့အစိုးရသစ် ဖြစ်လာပြီးတဲ့နောက်ပိုင်းမှာ ဆက်လက်ဆောင်ရွက်ရမယ့် အစီအစဉ်တွေ ဖြစ်နိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးသိန်းစိန်တို့ဆွေးနွေးပွဲမှာ နိုင်ငံရေးကိစ္စအပြင် ကိုယ်ရေးကိုယ်တာ မိသားစုကိစ္စတွေပါ ပြောဆိုနိုင်ခဲ့ပါတယ်။

နယ်ချဲ့တော်လှန်ရေးကာလ ပျဉ်းမနားမြို့က ဗိုလ်ချုပ် နေထိုင်ခဲ့တဲ့အိမ် ပျက်ဆီးယိုယွင်းနေတာကို ပြန်လည်ပြင်ဆင်ရေးကို သမတက ကတိပေးခဲ့သလို နောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်က သူငယ်ငယ်က ပျဉ်းမနားအိမ်ရှေ့မှာရိုက်ထားတဲ့ ဓာတ်ပုံတပုံကို ဦးသိန်းစိန်ထံကို ပေးပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီအချက်တွေကို ကြည့်မယ်ဆိုရင် တွေ့ဆုံပွဲဟာ အတော့်ကိုအောင်မြင်တယ်လို့ ဆိုရမှာဖြစ်သလို အနာဂတ်မှာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေ မြင်တွေ့လာရမှာပါ။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အနာဂတ် အခန်းကဏ္ဍကို အပီအပြင် မြင်လာရနိုင်ပါတယ်။

ဦးသိန်းစိန်အတွက် တိုးတက်မှုလက္ခဏာတွေကိုပြဖို့ တကယ့်ကိုကြီးမားတဲ့ခြေလှမ်းကတော့ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးဖို့ပါ။ အကယ်၍များ ဒီခြေလှမ်းကို တကယ်လှမ်းတော့မယ်ဆိုရင် ကိုဇာဂနာ၊ ဦးခွန်းထွန်းဦးနဲ့ ၈၈ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်တို့ ပထမဆုံးသော လွတ်မြောက်လာသူတွေအဖြစ် မြင်ရနိုင်ပါတယ်လို့ Larry Jagen က သုံးသပ်ရေးသားထားပါတယ်။

---

**စာမျက်နှာ ၇ မှ**

ထောင်ဒဏ်အနည်းဆုံး ၃ လ ကနေ ၅ နှစ်စီ ချမှတ်ခံရပေမယ့် အိုင်အယ်လ်အိုက ကြားဝင်ဖြေရှင်းပေးမှုကြောင့် ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီလမှာ ပြန်လွတ်လာခဲ့ပါတယ်။ ပြန်လွတ်လာတဲ့ လယ်သမားတွေက သူတို့ အသိမ်းခံရတဲ့ လယ်မြေတွေမှာ အိုင်အယ်အိုရဲ့အကူအညီနဲ့ လယ်ပြန်လုပ်ခွင့်ရခဲ့သလို နေပြည်တော်ကလည်း လယ်ပြန်လုပ်ခွင့် ချပေးခဲ့ပါတယ်။




# သတင်းဖြစ်စဉ်

**စက်တင်ဘာ ၄ ၊ LONDON ။ ။** မြန်မာအား ကုလစုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စစ်ရန်အဆိုကို ထောက်ခံရန် ဥရောပနိုင်ငံများအား Amnesty International မှ တိုက်တွန်း၏။

**စက်တင်ဘာ ၄ ၊ RGN ။ ။** နေပြည်တော် မြေအောက်ရထားစီမံကိန်းကို ချောင်ထိုးထားကြောင်း။

**စက်တင်ဘာ ၅ ၊ Asiaone ။ ။** မြောက်ကိုရီးယားထံမှ လက်နက်ရယူရန် ဆန်ရေးစပါးပို့ခဲ့ကြောင်း ၂၀၀၉ မြန်မာရှိ အမေရိကန်သံရုံးမှတ်တမ်းများမှ ဆို၏။

**စက်တင်ဘာ ၅ ၊ Irrawaddy ။ ။** မြန်မာသတင်းလောကတွင် အနှစ် ၂၃ နှစ်အတွင်း ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ရေး သတင်းဆောင်းပါး ပထမဦးဆုံးအကြိမ် ပြည်သူ့ခေတ်သတင်းဂျာနယ်တွင် ပုံနှိပ်ပါရှိ၏။

**စက်တင်ဘာ ၅ ၊ Irrawaddy ။ ။** အစိုးရတပ်များအား ကချင် ချာချိဘုရားကျောင်းအနီး မိုင်းထောင်သည်ဟု အချို့မှ စွပ်စွဲ၏။

**စက်တင်ဘာ ၅ ၊ Mizzima ။ ။** အိန္ဒိယသံရုံး၏ တပိုး အနှစ် ၁၅၀ မွေးနေ့သို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့၏။

**စက်တင်ဘာ ၅ ၊ ND, Mizzima ။ ။** မြစ်ဆုံဆည် ဆောက်လုပ်ခြင်းစီမံကိန်းကိုရပ်တန့်ရန် လွှတ်တော်ချုပ်သို့ တင်ပြမည်ဟု နိုင်ငံရေးသမားအချို့မှ ဆို၏။

**စက်တင်ဘာ ၆ ၊ Channel News Asia ။ ။** မြန်မာသည် လူ့အခွင့်အရေးကော်မရှင် National Human Rights Commission ဖွဲ့ စည်းကြောင်း ကြေညာ၏။

**စက်တင်ဘာ ၆ ၊ Calcutta ။ ။** အိန္ဒိယအမတ် ၁၀၀ ခန့်သည် မြန်မာတွင် နိုင်ငံရေးအကျဉ်းသားအားလုံးအားလွှတ်ရန် မြန်မာအစိုးရသို့တောင်းဆို၏။

**စက်တင်ဘာ ၆ ၊ Irrawaddy ။ ။** ပြည်ပရောက်မြန်မာများ ပြန်လာရန် အစိုးရ၏ဖိတ်ခေါ်ချက်အရ မြန်မာသို့ ဩဂုတ်လကုန်တွင် ပြန်ခဲ့သူ BBC နှင့် RFA သတင်းထောက် ဦးမိန်ကျော်လှိုင်အား လေဆိပ်မှနေ၍ စစ်ဆေးရန် အောင်သပြေသို့ ခေါ်ဆောင်သွားသည်ဟု ထင်ရကြောင်း။

**စက်တင်ဘာ ၆ ၊ Mizzima ။ ။** စက်တင်ဘာ ၁၂ လူ့အခွင့်အရေးအစည်းအဝေးမစမီ အပြည်ပြည်ဆိုင်ရာရှေ့နေအဖွဲ့လူ့အခွင့်အရေးသိပ္ပံ IBAHRI နှင့် အင်ဂျီအို အဖွဲ့များသည် အီးယူသံတမန်များနှင့် ကုလစုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့ ရေးကို အကျဉ်းရှင်းလင်းဆွေးနွေးမည်။

**စက်တင်ဘာ ၆ ၊ Mizzima ။ ။** တရုတ်သို့ ပိုက်လိုင်းသည် ပြည်တွင်းတိုက်ခိုက်မှုများကြောင့် လုံခြုံမှုစိတ်မချရကြောင်း ရွှေသဘာဝဓါတ်ငွေ့ကင်ပိန်းနှင့် ရှမ်းပြည် နယ်တပ်တို့မှ ဆို၏။

**စက်တင်ဘာ ၆ ၊ DVB ။ ။** ဝီခီလိခ်ပေါက်ကြားချက်အရ ပြည်ပရောက်မြန်မာဒီမိုကရေစီအင်အားစုနှင့် တရုတ်ထိပ်သီးပိုင်းအချို့နီးစပ်မှုရှိခဲ့ကြောင်း။

**စက်တင်ဘာ ၆ ၊ DVB ။ ။** ပါလီမန်မဲပေးရာတွင် ကွန်ပြူတာဖြင့် လျှို့ဝှက်မဲပေးခြင်းမှ လက်ဖြင့်ရေးသည့်စနစ်သို့ ပြောင်းမည်ဟုဆိုကြောင်း။

**စက်တင်ဘာ ၆ ၊ AlertNet ။ ။** တရုတ်ပြည်၏ မြန်မာတွင် အထူးသဖြင့် စွမ်းအင်စီမံကိန်းများသည် လူ့အခွင့်အရေးဖေါက်ဖျက်မှုများနှင့် ဆက်စပ်ပြီး လူ့အခွင့်အရေး လှုပ်ရှားသူများ၊ သုတေသီများမှဆို၏။

**စက်တင်ဘာ ၆ ၊ The Nation, DVB ။ ။** မြန်မာသည် အင်ဒိုနီးရှားပြုပြင်ပြောင်းလဲမှုကဲ့သို့ ချောမွတ်အောင်မြင်နိုင်မည်လောဟု ဒီဗွီဘီလက်ထောက်ဒါရိုက်တာ ဦးခင်မောင်အမည်စာရေးသူမှ သုံးသပ်၏။

**စက်တင်ဘာ ၇ ၊ Asian Correspondent ။ ။** စက်တင်ဘာ ၆ တွင် မြန်မာအစိုးရမှ ကြေညာခဲ့သည့် လူ့အခွင့်အရေးကော်မရှင်သည် မတည်နိုင်သည့်ကတိတ ခုပင်လောဟု ဇင်လင်မှ စောဒကတက်၏။

**စက်တင်ဘာ ၇ ၊ VOA ။ ။** မြန်မာအစိုးရသည် ပြည်သူ၏လူ့အခွင့်အရေးကို ဂရုမစိုက်ဘဲ၊ တရုတ်သည်လည်းမမြင်ချင်၊ မသိချင်ယောင်ဆောင်နေကြောင်း Ron Corben မှသုံးသပ်၏။

**စက်တင်ဘာ ၇ ၊ New Kerala ။** နာဂအမျိုးသားအလုပ်သမားများအား ခေါင်မိုးတခုထဲအောက် သွင်းပို့နိုင်မှုအတွက် နာဂအဲန်အဲလ်ဒီသည် Forum for Naga Reconciliation အား ကျေးဇူးတင်ကြောင်း။

**စက်တင်ဘာ ၇ ၊ Irrawaddy ။ ။** ဆင်ဆာစည်းကမ်းများမလိုက်နာ၍ ယခုတပတ် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်တာဗျူးကို ဓါတ်ပုံကြီးနှင့်အတူ ပုံနှိပ်ထုတ်ဝေ ခဲ့သော အပတ်စဉ်ဂျာနယ်ကို ဆင်ဆာအဖွဲ့မှ နောက်ပိုင်းအချပ်ပို ရိုက်ခွင့်မပြု ပိတ်ပင်၏။

**စက်တင်ဘာ ၇ ၊ Irrawaddy ။ ။** ဇေကမ္ဘာနှင့်ဆက်စပ်သော ဘီလပ်မြေစက်လုပ်ငန်းကြီးတခုသည် မွန်ပြည်နယ်တွင် လယ်များကို အတင်းသိမ်းနေကြောင်း HURFOM မွန်လူ့အခွင့်အရေးအဖွဲ့ မှဆို၏။

**စက်တင်ဘာ ၇ ၊ Mizzima ။ ။** သေဒဏ်အမိန့်ပေးခံရသူ ခလေးစစ်သည်ဟောင်း သံလျင်မှ ဖြိုးစည်သူသည် ထောင် ၇ နှစ်ကျပြီးအပြည်ပြည်ဆိုင်ရာအလုပ်သမား အဖွဲ့အကူအညီဖြင့် ထောင်မှလွတ်လာ၏။

**စက်တင်ဘာ ၇ ၊ Mizzima ။ ။** ရှစ်လေးလုံးနှစ်လည်နေ့တွင် မြန်မာသံရုံးရှေ့ဆန္ဒပြနေကျဖြစ်ရာ ယခုနှစ်တွင် နအဖအမည်ပြောင်းအစိုးရနှင့် မဏာသင့်နေသော ဂျမဏီသံရုံးများရှေ့တွင် မြန်မာများဆန္ဒပြကြ၏။

**လစက်တင်ဘာ ၇ ၊ BP ။ ။** ကုလလူ့အခွင့်အရေးပါရဂူ ကင်တားနားသည် မြန်မာအစိုးရ၏ပြုပြင်ပြောင်းလဲရေးကတိကဝတ်များကို ကြိုဆိုသော်လည်း၊ နိုင်ငံရေးအ ကျဉ်းသားများ ဆက်လက်ဖမ်းထားခြင်းသည် စစ်အဖွဲ့ အပေါ်အယုံအကြည်နည်းစေကြောင်းဖြင့်ဆို၏။ **စာမျက်နှာ ၁၃ သို့**

# တဂိုးအထိမ်းအမှတ်နေ့ ဒေါ်စုတက်

**RFA ၊ စက်တင်ဘာ ၅ ။** ။ ရန်ကုန်မြို့ အိန္ဒိယသံရုံးမှာ ကျင်းပနေတဲ့ ဘင်္ဂါလီ စာဆိုကြီး ရာဘန္ဒြာ နသ်တဂိုး Rabindranath Tagore ရဲ့ နှစ် (၁၅၀) ပြည့် အထိမ်းအမှတ် ပန်းချီပြပွဲကို မနေ့ ညနေပိုင်းက မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ကြည့်ရှုခဲ့ပါတယ်။

အိန္ဒိယသံရုံးက ဒေါ်အောင်ဆန်းစုကြည်ကို ပထမဦးဆုံးအကြိမ်တရားဝင် ဖိတ်ကြားခဲ့တာဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပြန်ကြားရေး တာဝန်ခံ ဦးအုန်းကြိုင်က ပြောပါတယ်။

" ကျနော် ၂၀၀၅ ခုနှစ် ကတည်းက ထောင်လွတ်လာပြီး သိသလောက်ပြောရရင် အဖွဲ့ချုပ်က လုပ်တဲ့ နိုင်ငံရေးအခမ်းအနားတွေမှာ အိန္ဒိယသံရုံးက တက်ရောက်လေ့မရှိဘူး၊ အဖွဲ့ချုပ်နဲ့လည်း ထူးထူးခြားခြား ဆက်ဆံတာမရှိဘူး။ ဒေါ်အောင်ဆန်းစုကြည် ပြန်လွတ်လာပြီး နောက်မှာတော့ ဆက်ဆံမှုနည်းနည်းရှိလာတာ သတိထားမိပါတယ်။ မကြာခင်က အိန္ဒိယဝန်ကြီးလာခဲ့တုန်းကလည်း ပါလာတဲ့ အရာရှိကြီးတစ်ယောက် ဒေါ်အောင်ဆန်းစုကြည်ကို လာရောက်တွေ့ဆုံနှုတ်ဆက်ပါတယ်"။

အခုလို အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အိန္ဒိယအစိုးရဘက်က တရားဝင်ဖိတ်ကြားတာကိုမြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားနေသူတွေကလည်း ကြိုဆိုကြပါတယ်။

နိုဘယ်လ် ငြိမ်းချမ်းရေးဆုရှင် တဂိုးရဲ့ နှစ် ၁၅၀ ပြည့် အထိမ်းအမှတ် ပန်းချီပြပွဲမှာ နိုင်ငံတကာအနုပညာရှင်တွေနဲ့ မြန်မာ့ပန်းချီ အနုပညာရှင်တွေရဲ့လက်ရာတွေကို ပြသထားပြီး စက်တင်ဘာလ (၂) ရက်ကနေ (၈) ရက်နေ့ထိ ကျင်းပမှာ ဖြစ်ပါတယ်။

# လက်နက်ဖိုးကို ဆန်နဲ့ပေးချေခဲ့

**RFA ၊ စက်တင်ဘာ ၄ ။** ။နောက်ဆုံးထွက်ပေါ်လာတဲ့ Wikileaks အင်တာနက်စာမျက်နှာက အမေရိကန်အစိုးရ သံရုံးသတင်းပေးပို့ ချက်များထဲမှာ ၂၀၀၆ ခုနှစ်က မြောက်ကိုရီးယားနဲ့ မြန်မာစစ်အစိုးရတို့ဟာ လက်နက်အရောင်းအဝယ်ရှိခဲ့ပြီး ဒီအရောင်းအဝယ်အတွက် မြန်မာဘက်က ဆန်နဲ့ ပေးချေခဲ့တယ်လို့ ဖော်ပြထားပါတယ်။

မြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်တွင် မြန်မာစစ်တပ်၏အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှင့် မြောက်ကိုရီးယား ကာကွယ်ရေးဦးစီး ချုပ်ဗိုလ်ချုပ်ကြီး ကင်ဂျုပ်ဆစ်တို့ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါသည်။

ဒီအကြောင်းတွေနဲ့ပတ်သက်လို့ ဒီကနေ့ ကိုရီးယားထုတ် Arirang ရုပ်မြင်သံကြားသတင်းမှာ ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒ့ါအပြင် အဲဒီ သံရုံးအစီရင်ခံစာမှာ နောက်ပိုင်း သံရုံးကြေးနန်းစာတွေအရ မြန်မာဘက်က ဆန်တန်ချိန် ၂ သောင်းကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလနဲ့ဇွန်လအကြား မြောက်ကိုရီးယားကို လက်နက်ဖိုးအတွက် ပေးချေခဲ့တယ်လို့လည်း သတင်းမှာဖော်ပြထားပါတယ်။

ဒီသတင်းမှာပဲ မြောက်ကိုရီးယားနဲ့ပတ်သက်လို့ ၂၀၀၆ ခုနှစ်က အမေရိကန်အစိုးရနဲ့ တောင်ကိုရီးယားအကြား သဘောထားကွဲခဲ့တယ်လို့ ဖော်ပြထားပါတယ်။

၂၀၀၆ ခုနှစ် ဇူလိုင်လက မြောက်ကိုရီးယားက တေပိုဒေါင်း-၂ ဒုံးပျံစမ်းသပ်အပြီး အဲဒီအချိန်က တောင်ကိုရီးယားသမ္မတ ယိုမူးယွန်အစိုးရနဲ့အမေရိကန်သမ္မတဂျော့ရှ်ဘုရှ်အစိုးရတို့အကြား မြောက်ကိုရီးယားကို ချဉ်းကပ်မှုအပေါ် သဘောထားကွဲခဲ့တယ်လို့ဆိုပါတယ်။

# နေပြည်တော်က ရွာနာမည်တွေ ပြည်ထောင်စုလွှတ်တော်မှာ ပြောင်း

**Mizzima ၊ စက်တင်ဘာ ၅ ။** ။ နေပြည်တော်ခရိုင်အတွင်းရှိ နာမည်ဆိုး ကျေးရွာနှစ်ရွာကို ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်မှ တနင်္လာနေ့လွှတ်တော်တွင် ဖတ်ကြားတင်ပြပြီး နာမည်ပြောင်းလိုက်သည်ဟု လွှတ်တော်အမတ်များက ပြောသည်။

လယ်ဝေးမြို့နယ်အတွင်းရှိ မီးလောင်ကုန်းရွာကို ရွှေပြည်အေးရွာဟူ၍လည်းကောင်း အောင်ကလိန်ရွာကို အေးချမ်းသာရွာ ဟူ၍လည်းကောင်း အမည်ပြောင်းလိုက်ခြင်းဖြစ်သည်။

တနင်္လာနေ့က လွှတ်တော်နှစ်ရပ်ပေါင်း ဆွေးနွေးပွဲလည်းကျင်းပသလို သီးခြားစီခွဲပြီးလည်း ဆွေးနွေးခဲ့ကြသည်။ ဥပဒေမူကြမ်းများအတည်ပြုခြင်း၊ မြို့ရွာများ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် အမည်ပြောင်း လဲခြင်း၊ ဝန်ကြီးဌာန အမည်ပြောင်းခြင်းတို့ကို ပြည်ထောင်စု လွှတ်တော်တွင် ပြုလုပ်ရာမမျှော်လင့်ဘဲနှင့် အချိန်စောပြီး သဖြင့် အထက် လွှတ်တော်နှင့် အောက်လွှတ်တော်ကိုပါ ခွဲဆွေးနွေးခဲ့သည်။

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် အတွင်းတွင် ရွာတရွာ၊ ကျောက်ဆည်ခရိုင် မြစ်သာမြို့နယ်တွင် ကျေးရွာ ငါးရွာ၊ ပျော်ဘွယ်မြို့နယ်တွင် ရွာနှစ်ရွာတို့ကို တိုးချဲ့ဖွဲ့စည်းမှုလည်း ပြုလုပ်ခဲ့သည်။ ယင်းအပြင် ရှမ်းပြည်နယ်၊ ကလောမြို့နယ်အတွင်းရှိ အောင်ပန်းမြို့ကို မြို့နယ်အဖြစ် သတ်မှတ်လိုက်ပြီး တောင်ကြီးခရိုင် ဟိုပုန်းမြို့နယ်သည် ယခင် ကရွာပေါင်း ၃၄၆ ရွာရှိရာမှ ၅၄ ရွာကို စာရင်းမှ ပယ်ဖျက်လိုက်ရာ ၂၉၂ ရွာသာ ကျန်ရစ်သည်။မောက်မယ်မြို့ကို ယခင်က ကျေးရွာ ၂၀၂ ရွာဖြင့် ဖွဲ့စည်းထားသော်လည်း ပြင်ဆင်ဖွဲ့စည်းမှုအရ ယခုအခါ ၁၀၃ ရွာသာကျန်ရစ်သည်။ စစ်ကိုင်းတိုင်း၊ ပဲခူး၊ မွန်၊ ဧရာဝတီတိုင်းအတွင်းရှိ ကျေး ရွာအချို့ ကို ပြင်ဆင်ဖွဲ့စည်းမှုများလည်းရှိခဲ့သည်။

သစ်တောရေးရာ ဝန်ကြီးဌာနကို " ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာန"ဟု အမည် ပြောင်းလည်းခြင်းကိုလည်း ပြည်ထောင်စု လွှတ်တော်က ပြုလုပ်ခဲ့သည်။

"တကယ်တော့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုတာ အင်မတန်မှ ကျယ်ပြန့်တာပါ သစ်တောရေးရာ ဝန်ကြီးဌာန တခုတည်းနဲ့ ဆက်စပ်တာ မဟုတ်ဘူး တကယ်တမ်းဆိုရင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုတာ ဝန်ကြီးဌာန တခုတောင် သီးသန့်ဖွဲ့သင့်တဲ့ ဟာမျိုးပါ။ လွှတ်တော်မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဌာနပေါင်းစုံ ကိုယ်စားလှယ်ပေါင်းစုံနဲ့ ကော်မတီတရပ်တောင်ဖွဲ့သင့်တဲ့ဟာမျိုးပါ။" ဟု အမျိုးသားဒီမိုကရေစီ အင်အားစုပါတီမှ ဦးခိုင်မောင်ရည်က မဇ္ဈိမကို ပြောသည်။

ပြည်ထောင်စု လွှတ်တော်ကို နေ့လည် ၁၂ နာရီတွင်ပြီးစီးခဲ့ပြီ မွန်းလွဲပိုင်း ၁ နာရီတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့ သီးခြားစီ ပြန်လည် ကျင်းပကြသည်။



# သတင်းတိုထွာဖတ်စရာ

## ဆန်များ နိုင်ငံခြားရောင်း

မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝှမ်းမှထွက်တဲ့ ဆန်တန်ချိန် ၃၀၀၀ ကို ဖိလစ်ပိုင်နိုင်ငံကို တင်ပို့ရောင်းချမယ်လို့ဆိုပါတယ်။ အခုရောင်းချမှုဟာ ယခင် ရှုရှားကို မကျက်တကျက် ပြုတ်ဆန်များ တင်ပို့ရောင်းချမှုအပြီး ဒုတိယအကြိမ် မြန်မာဆန်ကို နိုင်ငံခြားတင်ပို့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်း ဆန်တင်ပို့တဲ့ ကုမ္ပဏီပေါင်း ၁၆ ခုမှ မြန်မာ့ဆန်များကို နိုင်ငံခြားကို တင်ပို့ရောင်းချနေကြတာဖြစ်ပါတယ်။ (Xinhua, September 7 , 2011)

## ဂျပန်ရုပ်ရှင်ပွဲတော်

ဂျပန်သံရုံးနဲ့ ဂျပန်ဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး ၂၀၁၁ ခုနှစ်အတွက် ကျင်းပတဲ့ ဂျပန်ရုပ်ရှင်ပွဲတော်ကို ဩဂုတ်လနဲ့ စက်တင်ဘာလတွေမှာ ရန်ကုန် မန္တလေးမြို့တွေမှာ ပြုလုပ်သွားမယ်လို့ဆိုပါတယ်။ မန္တလေးမှာတော့ ဩဂုတ်လအတွင်းပြသမှာဖြစ်ပြီး ရန်ကုန်မှာတော့ စက်တင်ဘာ ပထမပတ်အတွင်းမှာ ပြသမယ်လို့သိရပါတယ်။ စုစုပေါင်း ဇာတ်ကား ၄ ကားပြသမှာဖြစ်ပြီး အင်္ဂလိပ်စာတမ်းထိုးပြသမယ်လို့ဆိုပါတယ်။ (Myanmar Times,September 7,2011)

## နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးပါ

မြန်မာနိုင်ငံ ထောင်အသီးသီးရှိ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်ကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် အိန္ဒိယပါလီမန်အမတ်များက သမတဦးသိန်းစိန်ကို တောင်းဆိုလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးရေးတောင်းဆိုမှုကို ထောက်ခံတဲ့အနေနဲ့ အခုလိုတောင်းဆိုလိုက်တာပါ။ ဒီတောင်းဆိုမှုကို Indian Parliamentarians' Forum for Democracy in Burma (IPFDB) မှ Ram Jethmalani ဦးဆောင်လှုပ်ရှားခဲ့တာဖြစ်ပါတယ်။ (The Economic Times,September 7,2011)

## သေဆုံးသူ ၃ သိန်းနီးပါးရှိဟုဆို

နာဂစ်မုန်တိုင်းအလွန် တလကျော် ဇွန်လ ၇ ရက်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီ ဒုတိယအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမောင်အေးက စီးပွားရေးလုပ်ငန်းရှင် ကိုတေဇကို ခေါ်ယူပြီး အစိုးရက ခန့်မှန်းတဲ့ သေဆုံးသူဦးရေကို ပြောဆိုခဲ့တယ်လို့ အမေရိကန်ဝန်ကြီးသို့ပေးပို့တဲ့ ပေါက်ကြားလျှို့ဝှက်ကြေးနန်းစာက ဆိုပါတယ်။ နအဖအစိုးရက သေသူ ၃ သိန်းနီးပါးရှိကြောင်းနဲ့ ဒီစာရင်းအမှန်ကို သူသေမှထုတ်ပြောဖို့ ဗိုလ်ချုပ်မှူးကြီးမောင်အေးက ပြောဆိုကြောင်းလည်း ကြေးနန်းစာကဆိုပါတယ်။ (Mizzima, September 9 , 2011)

## အဟောင်းရှိရင် အသစ်ရမယ်

ကားအဟောင်းရှိသူတွေကို နိုင်ငံခြားမှ ကားအသစ်သွင်းခွင့်ပေးတော့မယ်ဆိုတဲ့ အစိုးရရဲ့ ကြေညာချက်ကြောင့် ကားပွဲစားတွေဟာ ကားအဟောင်းများကို လိုက်ဝယ်နေကြတယ်လို့ဆိုပါတယ်။ ၁၅ သိန်းပေါက်ဈေးရှိတဲ့ကားတွေကို သိန်း ၃၀–၄၀ ပေးပြီး ဝယ်နေကြပါတယ်။ အိမ်နီးချင်းနိုင်ငံများမှာ ဒေါ်လာ တသောင်းတန်ကားကို မြန်မာနိုင်ငံမှာ ဒေါ်လာ တသိန်းနီးပါးပေါက်ဈေးရှိတာမို့ မြန်မာဟာ ကမ္ဘာပေါ်မှာ ကားဈေးအကြီးဆုံးနိုင်ငံဖြစ်တယ်လို့လည်း ဝေဖန်ပြောဆိုနေကြပါတယ်။ (RFA, September 11 , 2011)

## ဘတ်စကက်ဘောပြိုင်ပွဲ

အာဆီယံနဲ့တရုတ်ပူးပေါင်းပြိုင်ပွဲကြမည့် basketball ပြိုင်ပွဲမှာ မြန်မာမှ အားကစားသမားများလည်းပါဝင်ယှဉ်ပြိုင်ကြမယ်လို့သိရပါတယ်။ တရုတ်နိုင်ငံ Nanning မှာ စက်တင်ဘာ ၂၅ ရက်မှာစတင်ကျင်းပမယ့် ဒီပြိုင်ပွဲမှာ မြန်မာ basketball အဖွဲ့ချုပ်မှ အားကစားသမား ၁၅ ယောက်ပါဝင်ယှဉ်ပြိုင်ဖို့အတွက် မလေးရှားနည်းပြဆရာ Mr Tan Hoke Kang မှ လေ့ကျင့်ပေးထားတယ်လို့ ဆိုပါတယ်။ (Xinhua, September 9 , 2011)

## ယုံကြည်ဖို့ခက်

နယ်ခြားဒေသတွေမှာရှိတဲ့ စစ်ပြေးဒုက္ခသည်တွေ ငြိမ်းချမ်းစွာနေရပ်ပြန်နိုင်ကြမှာဖြစ်တယ်လို့ နယ်စပ်ဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးက နေပြည်တော်မှာ ပြောဆိုကြောင်း ဒုက္ခသည်များဆိုင်ရာ ဥရောပကော်မရှင်နာအဖွဲ့မှ Kristalina Georgieva က ပြောဆိုလိုက်ပါတယ်။ နယ်စပ်ဒေသ မြန်မာနိုင်ငံဘက်ခြမ်းမှာ ထိုင်းနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် အဲဒီဒေသရှိ ပြည်သူများ အလုပ်အကိုင်တွေရရှိမယ့် အခွင့်အလမ်းတွေလည်းရှိလာတော့မှာဖြစ်တယ်လို့လည်း Georgieva က ဆိုပါတယ်။ (The Nation, September 12 , 2011)

## နိုင်ငံအတွက် ရင်လေးမိတယ်

ဦးသိန်းစိန်အစိုးရအနေနဲ့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုကို ဘယ်လောက်လိုလားနေသလဲဆိုတာ ထင်ရှားပါတယ်။ နိုင်ငံခြားသားတွေ အနေနဲ့ မြန်မာနိုင်ငံတွင်းမှာ ရင်းနှီးမြှုပ်နှံမှုလုပ်မယ်ဆိုရင် မြန်မာနိုင်ငံတွင်းက မြေနေရာပိုင်ဆိုင်ခွင့်ရရှိနိုင်မယ့် ဥပဒေပြင်ဆင်မှုကို စဉ်းစားနေတယ်လို့ဆိုပါတယ်။ ဒီလို နိုင်ငံခြားသားတွေ မြန်မာနိုင်ငံတွင်း ကိုယ်ပိုင်မြေဝယ်ယူပိုင်ဆိုင်ခွင့်ဥပဒေပြဌာန်းလိုက် မယ်ဆိုရင်တော့ တရုတ်သူဌေးတယောက်က သူ့ရဲ့ချမ်းသာတဲ့ငွေတချို့တဝက် နဲ့ မြန်မာတနိုင်ငံလုံးကို ဝယ်ယူနိုင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ တရုတ်သူဌေးများဟာ ဗိုက်ဆံချမ်းသာတော့ ကမ္ဘာ့နေရာ နိုင်ငံအတော်များများမှာ မြေတွေလိုက်ဝယ်ယူနေလို့ပါပဲ။ (VOB, Sep 12 , 2011)

# စစ်မှန်တဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ဖို့ ဒဲရက်ခ် မစ်ချဲလ်တိုက်တွန်း

**DVB ၊ စက်တင်ဘာ ၉ ။** ။ မြန်မာအစိုးရအနေနဲ့ စစ်မှန်တဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးတွေလုပ်ဖို့ မြန်မာနိုင်ငံရောက်ရှိနေ တဲ့မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် ဒဲရက်ခ် မစ်ချဲလ် (Derek Mitchell) က တိုက်တွန်းလိုက်ပါတယ်။

ဒီကနေ့ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကော်မတီခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ တွေ့ဆုံစဉ်မှာ ဒဲရက်ခ် မစ်ချဲလ် (Derek Mitchell) ပြောကြားလိုက်တာပါ။

ဒဲရက်ခ် မစ်ချဲလ်နဲ့ တွေ့ဆုံခွင့်ရခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းက "အမေရိကန် ကိုယ်စားလှယ်က ပြောတာတော့ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးခွင့်၊ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်ဖို့ အမြဲမပြတ် စောင့်ကြည့်နေတယ်ပေါ့၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့တဲ့ကိစ္စ နောက်ဆက်တွဲ ဘာတွေဖြစ်လာမလည်းဆိုတာ လက်တွေ့ဖြစ်ရပ်ကို အနီးကပ် သူတို့က သိချင်တယ်တဲ့၊ တွေ့ဆုံမှုရဲ့ နောက်ကွယ်မှာရှိနေတဲ့ လက်တွေ့ လုပ်ဆောင်မှုကို သူတို့ အဓိက စောင့်ကြည့်နေတယ်" လို့ ပြောပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ ပြန်လည်ဆွေးနွေးမှုတွေကိုလည်း ဒေါက်တာသန်းဝင်းက အခုလို ပြောပါတယ်။

"ဥက္ကဋ္ဌကြီးကလည်း တိုင်းပြည်အကျိုးပဲ ကြည့်မယ်ပေါ့။ ပါတီအကျိုး ကျန်တဲ့ လူတွေအကျိုး မကြည့်ဘူးပေါ့။ တိုင်းပြည်လူထုအကျိုးစီးပွားဖြစ်ထွန်းမယ့်ကိစ္စပဲ လွှတ်တော်က လုပ်မယ်။ နောက်ပြီးတော့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပေးဖို့၊ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ဖို့ကိစ္စကိုလည်း လွှတ်တော် တရပ်လုံးက အတည်ပြုပြီးပြီ၊ သမ္မတထံကို တင်ပြပြီးပြီ လွှတ်တော်ရဲ့ သဘောထားကို အဲဒါတွေ ပြောတယ်။"

အမေရိကန် အထူးကိုယ်စားလှယ် ဒဲရက်ခ် မစ်ချဲလ်နဲ့ အမျိုးသားလွှတ်တော်က တာဝန်ရှိသူတွေ တွေ့ဆုံမှုမှာလည်း ပြောကြားခဲ့တယ်လို့လည်း တွေ့ဆုံပွဲ တက်ရောက်ခဲ့တဲ့ အစိုးရအာမခံချက် စောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောပါတယ်။

အမေရိကန်နိုင်ငံ အထူးကိုယ်စားလှယ်တဦးနဲ့ အစိုးရသစ် တွေ့ဆုံမှုတွေနဲ့ ပတ်သက်ပြီးတော့လည်း ဒေါက်တာအေးမောင်က အခုလို မှတ်ချက်ပေး ပြောဆိုပါတယ်။

"တရုတ်နဲ့လည်း အိမ်နီးနားချင်းဆိုတော့ ဆက်ဆံရေးကတော်တော်ကောင်းနေတယ် အင်မတန် အလှမ်းဝေးတဲ့ အင်အားကြီးနိုင်ငံတခုက လာတယ်၊ ဗမာပြည်အရေး စိတ်ဝင်စားတယ် ဆိုတော့ ကျနော်တို့ကတော့ ကောင်းတဲ့ဘက်ကို ဦးတည်လာတယ်လို့ပဲ မြင်တယ်၊ နောက်ပိုင်းမှာ အကြိမ်ကြိမ် တွေ့ပြီးခါမှ စီးပွားရေးပိတ်ဆို့ အရေးယူမှု ရုပ်သိမ်းဖို့ကိုလည်း အိုဘားမားအစိုးရ သဘောပေါက်အောင် ရှင်းပြပေးနိုင်မယ်၊ လက်ရှိဖွဲ့စည်းပုံနဲ့သွားနေတဲ့ အစိုးရသစ် အပေါ်မှာလည်း ပိုပြီး ထဲထဲဝင်ဝင် ဆက်ဆံတာများလာလို့ သဘောပေါက် လာမယ်၊ ဒီလိုဆိုရင် ကာလလေးတခုအတွင်းမှာ စီးပွားရေးနဲ့ပတ်သက်တဲ့ ပြန်လည်တည်ဆောက်မှု လုပ်ငန်းတွေကို အစိုးရသစ်က အောင်အောင်မြင်မြင် ဆောင်ရွက်သွားနိုင်ဖို့ လမ်းပွင့်သွားနိုင်ပါတယ်။"

အမေရိကန် အထူးကိုယ်စားလှယ် ဒဲရက်ခ် မစ်ချဲလ် အဖွဲ့ဟာ ဒီကနေ့ နေ့လယ်ပိုင်းမှာ နိုင်ငံရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် အပါအဝင် အစိုးရအဖွဲ့ဝင်တွေနဲ့ တွေ့ဆုံမှုတွေရှိခဲ့ပြီး ညနေပိုင်းမှာတော့ တိုင်းရင်းသားညီနောင် ငါးပါတီက ကိုယ်စားလှယ်တွေနဲ့လည်း တွေ့ဆုံဖို့ရှိနေပါတယ်။

ဒဲရက်ခ် မစ်ချဲလ်နဲ့အဖွဲ့ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD ပါတီခေါင်းဆောင်တွေနဲ့ ၂၀၁၀ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီခေါင်းဆောင်တွေနဲ့လည်း ရန်ကုန်မြို့မှာ တွေ့ဆုံဖို့ ရှိနေပါတယ်။

## မြန်မာအပေါ် ကုလက စုံစမ်းရေးကော်မရှင်ဖွဲ့ရေး ဆွေးနွေး

**RFA ၊ စက်တင်ဘာ ၆ ။** ။ မြန်မာနိုင်ငံက လူ့အခွင့်အရေး ချိုးဖောက်မှုတွေအပေါ် ကုလသမဂ္ဂက ကော်မရှင်တရပ်ဖွဲ့ စုံစမ်းရေးကို ဥရောပသမဂ္ဂနိုင်ငံများအဖွဲ့ (အီးယူ) က အရေးတကြီး ထောက်ခံသင့်ကြောင်း ဥရောပအခြေစိုက် လူ့အခွင့်အရေး အဖွဲ့အစည်းတွေရဲ့ ဆွေးနွေးပွဲတရပ်ကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှာ ဒီကနေ့ ကျင်းပပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ၂၀၁၁ ခုနှစ် နှစ်ကုန်မှာ ဆုံးဖြတ်မယ့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်မူကြမ်းအပါအဝင် ကမ္ဘာတလွှားက လူ့အခွင့်အရေးအခြေအနေတွေနဲ့ဥရောပသမဂ္ဂမူဝါဒတွေကိုဥရောပကောင်စီရဲ့ လူ့အခွင့်အရေးလုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်တွေက ဆွေးနွေးမယ့် အချိန်နဲ့ တိုက်ဆိုင်ပြီး ဒီပွဲကို ကျင်းပတာလည်း ဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲမှာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တဲ့နိုင်ငံတကာ ရှေ့နေများအသင်း လူ့အခွင့်အရေးသိပ္ပံက ရှာလေ ပူးဂျော့ (Shirley Pouget) က မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေတွေနဲ့ စုံစမ်းရေးကော်မရှင်ဖွဲ့ရေး နည်းပညာဆိုင်ရာတွေကို ဆွေးနွေးမယ်လို့ RFA ကို ပြောပါတယ်။

"ဒီပွဲမှာစုံစမ်းရေးကော်မရှင်ကိစ္စ၊ မြန်မာနိုင်ငံကလူ့အခွင့်အရေးအခြေအနေ ကိစ္စတွေကို ဆွေးနွေးပါမယ်၊ နောက် ကုလသမဂ္ဂစုံစမ်းရေးကော်မရှင်ဖွဲ့စည်းရေး တောင်းဆိုချက်တွေအကြောင်း ဆွေးနွေးပြီး အခွင့်အရေး ချိုးဖောက်ခံရသူတွေကို ဥပဒေကြောင်းအရဘယ်လိုပြန်ပြီး ကျေနပ်အောင် ဖြေရှင်းပေးနိုင်မလဲဆိုတဲ့ ကိစ္စတွေကိုဆွေးနွေးပါမယ်" လို့ ပြောပါတယ်။

ဒီဆွေးနွေးပွဲအပြီးမှာ ဖိတ်ကြားထားတဲ့ ဘရပ်ဆဲလ်မြို့ကိုရောက်နေပြီဖြစ်တဲ့ ဥရောပသမဂ္ဂ အီးယူသံတမန်တွေနဲ့တွေ့ဆုံ စကားပြောဖို့ရှိတယ်လို့လည်း မစ္စပူးဂျော့က ပြောပါတယ်။

ဒီပွဲမှာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် Tomas Quintana က အင်တာနက် ဗီဒီယိုကတဆင့် ဆွေးနွေးမှာ ဖြစ်ပြီး ဘရပ်ဆဲလ်မြို့အခြေစိုက် Open Society Institute၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဖယ်ဒရေးရှင်း IFHR၊ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ HRW ၊ ဗြိတိန်အခြေစိုက် Burma Campaign UK နဲ့ မြန်မာနိုင်ငံ ရှေ့နေများကောင်စီတို့က ကိုယ်စားလှယ်တွေက တက်ရောက် ဆွေးနွေးမယ်လို့ သိရပါတယ်။

**ပြကွဒိန်မှ**

**စက်တင်ဘာ ၈ | Asian Correspondent ။ ။** UN သည် မြန်မာ၏ပြုပြင်ပြောင်းလဲရေးကို အချိန်အကန့်အသတ်မပါဘဲ စောင့်မကြည့်သင့်ကြောင်း အယ်ဒီတာအာဘောမှ သုံးသပ်သတိပေး၏။

**စက်တင်ဘာ ၈ | Al Iran ။ ။** စစ်အစိုးရ၏ လူသားအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုကြီးများကို ကုလမှ ကိုယ်တွယ်စစ်ဆေးရေးကို ကမ္ဘောဒီယား၊ ဂျပန်၊ ကိုရီးယား၊ စင်္ကာပူ၊ ထိုင်းစသည့် အာရှအင်ဂျီအိုများမှ မိမိတို့အစိုးရများထံ ထပ်မံတောင်းဆို၏။

**စက်တင်ဘာ ၈ | International Transport Journal ။ ။** မြန်မာသည် ပြည်တွင်းလေဆိပ်များတွင် အုပ်ချုပ်ရေးအပိုင်းများကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးရန် ပြင်ဆင်နေကြောင်း။

**စက်တင်ဘာ ၈ | Irrawaddy ။ ။** DKBA သည် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းကာ ထိုးစစ်သစ်ဖြင့် ဆက်လက်တိုက်ခိုက်ရန် စည်းဝေးခဲ့ကြောင်း DKBA မှ ဆို၏။

**စက်တင်ဘာ ၈ | Irrawaddy ။ ။** မြန်မာအပေါ် ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့၍ စစ်ဆေးရန် ကလင်တန်အား နိုဘဲလ်ဆုရှင်များမှ စုပေါင်းလက်မှတ်ထိုး တောင်းဆို၏။

**စက်တင်ဘာ ၈ | Irrawaddy ။ ။** ကျိုင်းတုံတွင် ကြံ့ဖွံ့အရာရှိ ၂ ဦး( စစ်အရာရှိဟောင်းများဖြစ်ကြသော ဦးသိန်းဇော်နှင့် ဦးအောင်သောင်းတို့သည် ဝတပ် UWSA နှင့် ဆွေးနွေးခဲ့၏။။

**စက်တင်ဘာ ၈ | Irrawaddy ။ ။** လွတ်လပ်ခွင့်ကို ကာကွယ်သည့်စည်းကမ်းများအကြီးဝင်သည့် သတင်းစာလွတ်လပ်ခွင့်ကိုပေးခဲ့လျှင် ကောင်းကျိုးထက် ဆိုးကျိုးများမည်ဟု ပါလီမန်တွင် ဝန်ကြီးဦးကျော်ဆန်းမှဆိုကြောင်း သတင်းစာများမှ ဆဒ္ဒန်ဆင်မင်းဇာတ်ကို ကိုးကား၍ ဆို၏။

**စက်တင်ဘာ ၈ | BBC ။ ။** မိဘလိမ် ပေါက်ကြားချက်အရ ခလေးငယ်များအား ကယ်တင်ရေးအဖွဲ့မှ စေတနာ့ဝန်ထမ်းတဦးအား လူမမယ်များအား ဝ စစ်တပ်စသည်သို့ ပို့ခြင်းကြောင့် တာဝန်မှဖယ်ရှားခဲ့ကြောင်း Save theChildren မှ Steve Sidebottom မှ ဆို၏။

**စက်တင်ဘာ ၈ | Mizzima ။ ။** ဦးသန့်၏သား သမိုင်းပညာရှင် စာရေးဆရာ The River of Lost Footsteps ရေးသူ ဦးသန့်မြင့်ဦးသည် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ရုံးခန်းတွင် တွေ့ခဲ့၏။

**စက်တင်ဘာ ၈ | Mizzima ။ ။** ပုဂ္ဂလိကကျောင်းများတွင် တိုင်းရင်းဘာသာစကားသင်ကြားခွင့်ရနိုင်မည့် ဥပဒေကို အထက်လွှတ်တော်မှ သဘောတူခဲ့ရာ အောက်လွှတ်တော်မှ အတည်ပြုလျှင် ဥပဒေဖြစ်လာမည်။

**စက်တင်ဘာ ၈ | DVB ။ ။** မြန်မာတွင် ပြုပြင်ပြောင်းလဲမှုလုပ်မည်ဆိုသည့်စကားသည် စစ်အစိုးရအဆက်ဆက် လက်သုံးစကားများဖြစ်ကြောင်း Mark Farmaner မှ ထောက်ပြဝေဖန်၏။

**စက်တင်ဘာ ၈ | DVB ။ ။** အဖမ်းခံ ဒေသခံများသည် စစ်တပ်အတွက် အဓမ္မလုပ်အားလုပ်ခဲ့ရကြောင်း၊ ပြည်နယ်ဝန်ကြီးသည်လည်း အမိန့်ပေးမှုများတွင် တာဝန်မကင်းကြောင်း ချင်းလူ့အခွင့်အရေးအဖွဲ့ မှဆို၏။

**စက်တင်ဘာ ၉ | BBC ။ ။** မြန်မာအစိုးရအရာရှိများ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းဒီမိုကရေစီအဖွဲ့များ၊ ခေါင်းဆောင်များနှင့်ပြောဆိုရန် အမေရိကန်အထူးကိုယ်စားလှယ်တဦးအဖြစ် Derek Mitchell သည် နေပြည်တော်သို့ ရောက်နေ၏။

**စက်တင်ဘာ ၉ | Speaking Freely, Asia Times Online ။ ။** စစ်အဖွဲ့ကြီးကိုင် အစိုးရသစ်သည် အရပ်သားအစိုးရအမည်သာပြောင်းပြီး နိုင်ငံရေးအကျဉ်းရှိမှုကိုငြင်းကွယ်ခြင်း၊ ဆက်လက်လူ့အခွင့်အရေးဖောက်ခြင်း၊ တိုင်းရင်းမျက်နှာငယ်နှင့်လူနည်းစုများအပေါ် ရက်စက်စွာတိုက်ခိုက်ခြင်း၊ အဓမ္မလုပ်အားနှင့် ခလေးစစ်သားသုံးခြင်း၊ လယ်များသိမ်းခြင်း စနစ်မကျမှုနှင့် အကြမ်းဖက်မှုများ ဆက်လက်လုပ်နေကြောင်း Nancy Hudson-Rodd မှသုံးသပ်၏။။

**စက်တင်ဘာ ၉ | Asia Times, Asian Correspondent ။ ။** မြန်မာနိုင်ငံရေးပြုပြင်မှုလောက၊ အင်ဂျီအိုလုပ်ငန်း စာပေများတွင် Civil Society ဆိုသည့် ဝေါဟာရသည်အသုံးများနေပြီး Myanmar Egress စတင်သူ သတင်းလောကမှ ဦးနေဝင်းမောင်ဆိုသူသည် အစိုးရပိုင်းနှင့် သံတမန်များအကြား တံတားတခုသဖွယ် ဖြစ်နေကြောင်း။

**စက်တင်ဘာ ၉ | MANILA ။ ။** ဖိလစ်ပိုင် စူးစမ်းထောက်လှမ်းသတင်းပညာဌာန PCIJ သည် အရှေ့တောင်အာရှသတင်းလောက မဟာမိတ်အဖွဲ့ SEAPA ကဲ့သို့ပင် မြန်မာအစိုးရအား ဗွီဒီယိုသတင်းထောက်များအားလွှတ်ရန် တောင်းဆို၏။

**စက်တင်ဘာ ၉ | Nikkei,TKY ။ ။**အစိုးရသည် မြေပိုင်ဆိုင်မှုဥပဒေကိုပြင်ဆင်ကာ နိုင်ငံခြားသားလည်း မြန်မာတွင်မြေပိုင်ဆိုင်နိုင်ရန် ပြင်ဆင်သုံးသပ်နေကြောင်း။

**စက်တင်ဘာ ၉ | RSF ။ ။** ဒီဝိဗွီ၏လှုံ့ဆော်မှုအရ Reporters without Borders နယ်ခြားမဲ့သတင်းထောက်များအဖွဲ့မှလည်း ကမ္ဘာအနှံ့ မြန်မာသံရုံးများတွင် ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့၏။

**စက်တင်ဘာ ၉ | Phuket Gazette ။ ။** ကာရာအိုကေမှ ပြန်လာသူ မြန်မာနှစ်ဦးအား နောက်မှ မော်တော်ဆိုင်ကယ်စီးသူနှစ်ဦးမှ စူးရှလက်နက်များဖြင့် ခုတ်သဖြင့် ဆေးရုံတင်ထားရကြောင်း။

**စက်တင်ဘာ ၉ | Times of Indi ။ ။** ကချင်ပြည်နယ်တွင် ခိုလှုံနေသော အိန္ဒိယသူပုန်များအား မြန်မာတပ်သည်တိုက်ခိုက်နေကြောင်း ULFA အဖွဲ့မှ ဆိုသလို အိန္ဒိယလုံခြုံရေးအဖွဲ့ မှ ဆို၏။

**စက်တင်ဘာ ၉ | Irrawaddy ။ ။** နေပြည်တော်သည် ဝ တပ် UWSA အား နယ်ခြားစောင့်တပ် BGF အသွင်ပြောင်းရန် ခေါ်ယူခြင်းကို ရပ်တန့်ထားကြောင်း။

**စက်တင်ဘာ ၉ | Irrawaddy ။ ။** ဘန်ကောက်စသည့် ကမ္ဘာ့မြို့တော်များတွင် မြန်မာသံရုံးများရှေ့၌ မိမိတာဝန်ကိုထမ်းဆောင်နေခြင်းအတွက် မတရားအဖမ်းခံနေရသော သတင်းထောက်များအားလွှတ်ရန် ဆန္ဒပြပွဲများပြုလုပ်နေခြင်းသည် မြန်မာတွင် သတင်းလွတ်လပ်မှုမရှိကြောင်းကို ပြကြောင်း။

**စက်တင်ဘာ ၉ | DVB ။ ။** ပြင်ဦးလွင်အာဏာပိုင်များသည် ညောင်ကုန်းမှ လယ်သမားအချို့အား ၂၀၀၈ တွင် အစိုးရမှ လယ်မြေသိမ်း၍ ကော်ဖီစိုက်ခင်းပြုခြင်းကို ဖျက်ဆီးမှုကိစ္စနှင့် စပ်လျဉ်း၍ ဖမ်းခဲ့ကြောင်း။

# မြန်မာနိုင်ငံအပေါ် ကော်မရှင်ဖွဲ့ စုံစမ်းစစ်ဆေးရေး အိုးယူသဘောထားကွဲ

**VOA ၊ စက်တင်ဘာ ၆ ။** ။ မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေး အခြေအနေတွေနဲ့ပတ်သက်လို့ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ်ဖွဲ့စည်းရေးကိစ္စ EU ဥရောပသမဂ္ဂအတွင်းမှာ သဘောထားကွဲလွဲမှုတွေရှိနေပါတယ်။ ဥရောပသမဂ္ဂအနေနဲ့ ကုလ သမဂ္ဂအထွေထွေညီလာခံကို တင်သွင်းမယ့် မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်မူကြမ်းမှာစုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့ဖို့ကိစ္စထည့်သွင်းမသွင်းဆွေးနွေးနေကြပြီး အခုအပတ်အတွင်းမှာတော့ ယတိပြတ် အဖြေတစုံတရာထွက်လာနိုင်ချေရှိပါတယ်။ အပြည့်အစုံကို ကိုသားညွှန့်ဦးက တင်ပြပါမယ်။

မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့အစည်းတွေ၊ဥရောပမှာရှိတဲ့လူ့အခွင့်အရေး တာဝန်ရှိသူတွေဟာ EU ဥရောပသမဂ္ဂ သံတမန်တွေနဲ့ EU ရုံးထိုင်ရာ ဘယ်လ်ဂျီယံ ဘရပ်ဆဲလ်မြို့မှာ စက်တင်ဘာ ၆ ရက်နေ့က တွေ့ဆုံပြီး မြန်မာ့လူ့အခွင့်အရေး နိုင်ငံတကာစုံစမ်းရေးကော်မတီတရပ် ဖွဲ့နိုင်ရေးကိစ္စဆွေးနွေးခဲ့ကြပါတယ်။ EU အနေနဲ့ လာမယ့် ကုလသမဂ္ဂအထွေထွေညီလာခံမှာ မြန်မာ့အရေး ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းဖို့ရှိတာမို့ အဲဒီမူကြမ်းထဲမှာ လူ့အခွင့်အရေးအခြေအနေစုံစမ်းရေးကော်မတီဖွဲ့ဖို့ဆိုတာကိုထည့်သွင်းပေးဖို့လူ့အခွင့်အရေးအဖွဲ့အစည်းတွေ၊ မြန်မာ့အရေး လှုပ်ရှားသူတွေက EU ဥရောပ သမဂ္ဂကို တိုက်တွန်း တောင်းဆိုနေကြတာပါ။

ဒီဆွေးနွေးပွဲကို Chatham House Rule ခေါ်တဲ့ အပြန်အလှန်ပွင့်ပွင့်လင်းလင်းပြောဆိုကြပြီး ဆွေးနွေးပွဲအတွင်း ဆွေးနွေးမှု အသေးစိတ်ကို အပြင်မထွက်ရဆိုတဲ့ စည်းမျဉ်းအရပြုလုပ်တာမို့ ဆွေးနွေးမှုအသေးစိတ်ကိုတော့ မသိရပါဘူး။ ဒါပေမဲ့လို့ နိုင်ငံတကာ စုံစမ်းရေးကော်မတီဖွဲ့ရေးကိစ္စနဲ့ ပတ်သက်လို့ EU ဥရောပသမဂ္ဂအတွင်းမှာ သဘောကွဲလွဲမှုတွေရှိနေတယ်လို့ ဒီဆွေးနွေးပွဲကို တက်ရောက်ခဲ့သူ Burma Campaign UK က မဇိုရာဖန်းက ပြောပါတယ်။

"EU အတွင်းထဲမှာတော့ သဘောထား ကွဲလွဲမှုတွေရှိတယ်။ စုံစမ်းရေးကော်မရှင် ဖွဲ့စည်းဖို့အတွက် ဥပမာ ဂျာမဏီတို့၊ အီတလီတို့ ကျန်တဲ့ တချို့နိုင်ငံတွေက စုံစမ်းရေးကော်မရှင် ဖွဲ့စည်းဖို့ သူတို့ငြင်းပယ်နေပါတယ်၊ သူတို့ဆန့်ကျင်နေတယ်။ ဒါနဲ့ တဆက်တည်းမှာပဲ UK၊ ချက်ရီပတ်ဘလစ်နဲ့ ကျန်တဲ့ တချို့ EU နိုင်ငံတွေကျတော့သဘောတူပြီးတော့ လုပ်ချင်တယ်ပေါ့။ အဲဒါကြောင့် EU အတွင်းထဲမှာ ဒီလိုမျိုး သဘောထားကွဲလွဲမှု ရှိနေတဲ့အတွက်ကြောင့် EU ၂၇ နိုင်ငံ စလုံးသူတို့ ဆုံးဖြတ်ချက်ချတဲ့အချိန်မှာ သဘောတူမှပဲ လုပ်နိုင်မှာဖြစ်တယ်။ အဲဒါကြောင့် ဒီတပတ်အတွင်းမှာပဲ ကျမတို့သိရမှာဖြစ်ပါ တယ်။"

EU ဥရောပသမဂ္ဂရဲ့ လူ့အခွင့်အရေးဆိုင်ရာ အလုပ်အဖွဲ့အစည်းအဝေးကို အခုအပတ်အတွင်း ကျင်းပနေပြီး ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ အထွေထွေညီလာခံ မူကြမ်းတင်သွင်းရေးကိစ္စကိုလည်း ထည့်သွင်း ဆွေးနွေးမယ်လို့ သိရပါတယ်။ နိုင်ငံတကာစုံစမ်းရေးကော်မတီဖွဲ့ရေး EU တခုလုံးရဲ့သဘောထားကို အဲဒီအစည်းအဝေးကနေ အဆုံးအဖြတ်ပေးမှာလို့ သိရပါတယ်။

တချိန်တည်းမှာပဲ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် တောမတ်စ် အိုဟေးကင်တားနား (Tomas Ojea Quintana) ကတော့ မကြာခင်အတွင်း မြန်မာပြည်သွားခဲ့တဲ့ ခရီးစဉ်အပေါ် မူတည်ပြီး COI ခေါ်တဲ့ စုံစမ်းရေး ကော်မတီဖွဲ့ရေးကိစ္စ သူ့အကြံပြုချက် အသေးစိတ်ပါဝင်တဲ့ အစီရင်ခံစာတခုကို တရားဝင်ထုတ်ပြန်ပေးဖို့ ရှိတယ်လို့ ဗွီအိုအေကို ပြောပါတယ်။

"ကျနော့် အစီရင်ခံစာထုတ်ပြန်တဲ့အခါ ဒီကိစ္စကိုလည်း ထည့်သွင်းကိုင်တွယ်မှာပါ။ ဒီအစီရင်ခံစာ နောက်ရက်သီတင်းပတ် အနည်းငယ်အတွင်းမှာ ထုတ်ပြန်ဖြစ်ပါလိမ့်မယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအပေါ် ဘယ်လိုကိုင်တွယ် တာဝန်ယူကြမလဲဆိုတဲ့ မေးခွန်းတွေနဲ့ ပတ်သက်လို့ သုံးသပ်ဖြေရှင်းရမယ့်အချိန် ရောက်နေပါပြီ။"

မြန်မာနိုင်ငံ အခြေအနေနဲ့ ပတ်သက်လို့ COI ခေါ်တဲ့ နိုင်ငံတကာ စုံစမ်းရေးကော်မတီဖွဲ့ရေးကိစ္စကို မစ္စတာကင်တားနားက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကိုရော အထွေထွေညီလာခံကိုပါ အကြံပြုတင်ပြခဲ့ပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ အနောက်နိုင်ငံအချို့ရဲ့ထောက်ခံမှုကိုပဲ လက်ရှိအားဖြင့်ရထားပါတယ်။ ဒါကြောင့် အထွေထွေညီလာခံအတွင်း မဲခွဲဆုံးဖြတ်နိုင်ဖို့လာမယ့် EU ဆုံးဖြတ်ချက်မူကြမ်းမှာဒီကိစ္စကို ထည့်သွင်းထားရေး လူ့အခွင့်အရေးအဖွဲ့တွေက ဆော်ဩနေကြတာ ဖြစ်ပါတယ်။

---

# ကတိကို လက်တွေလုပ်ဖို့ တိုက်တွန်း

**RFA ၊ စက်တင်ဘာ ၇ ။** ။ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးက ဒီကနေ့မှာ အစီရင်ခံစာ တစောင်ထုတ်ပြန်လိုက်ပါတယ်။ မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့ နိုဝင်ဘာလက ရွေးကောက်ပွဲကျင်းပခဲ့တာနဲ့ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးခဲ့ပြီးနိုင်ငံရေးပြုပြင်ပြောင်းလဲမှု လုပ်ကိုင်လာတာဟာ တိုးတက်မှု လမ်းကြောင်းပေါ်ကို ဦးတည်လိုက်တာဖြစ်တယ်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဒီအစီရင်ခံစာမှာ ပြောကြား ထားပါတယ်။

စက်တင်ဘာ ၁၃ ရက်နေ့မှာ စတင်ကျင်းပမယ့် ကုလသမဂ္ဂအထွေထွေညီလာခံကို ပေးပို့လိုက်တဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအစီအရင်ခံစာမှာ မစ္စတာဘန်ကီမွန်းက အခုလို ရေးသားထားတာ ဖြစ်ပါတယ်။စာမျက်နှာ ၁၇ မျက်နှာပါရှိတဲ့ ဒီအစီရင်ခံစာမှာ ဗိုလ်ချုပ်ကြီးဟောင်းတဦးဖြစ်တဲ့ သမ္မတသစ်ဦးသိန်းစိန်ရဲ့နိုင်ငံရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှု ကြိုးပမ်းချက်တွေဟာ အကောင်းဘက်က တိုးတက်မှုတွေဖြစ်တယ်လို့ မှတ်ချက်ပေးထားပါတယ်။

ဒါပေမယ့် နိုင်ငံရေးအကျဉ်းသားတွေကို ဆက်ပြီး ဖမ်းဆီးထိန်းသိမ်းအကျဉ်းချထားတာကြောင့် အစိုးရအပေါ်မှာ ယုံကြည်မှုကျဆင်း စေတယ်လို့လည်းသုံးသပ်ထားပါတယ်။မြန်မာနိုင်ငံရေးမှာအခွင့်အလမ်းသစ်တွေဖြစ်လာပေမယ့် ဒီအပြောင်းအလဲ ကတိစကားတွေလက်တွေ့အကောင်အထည်ဖော်ဖို့လိုတယ်လို့လည်း တိုက်တွန်းထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာနိုင်ငံတွင်းမှာတင်မကတကမ္ဘာလုံးအတွက်ပါ အရေးကြီးတဲ့လူပုဂ္ဂိုလ်တဦးဖြစ်တယ်လို့သုံးသပ်ထားပြီး သူ့အပေါ် ကန့်သတ်ချက်တွေနဲ့လုံခြုံရေးအပေါ် ထိပါးမယ့်ကိစ္စရပ်မျိုး တွေဟာ နိုင်ငံတကာ အတွက် အထူး စိုးရိမ်စရာတွေဖြစ်ပေါ်စေသလို အစိုးရသစ်ရဲ့မှားယွင်းတဲ့ လုပ်ဆောင်ချက်မျိုးသာဖြစ်လိမ့်မယ်လို့လည်း သတိပေးထားပါတယ်။

# တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်ကို အသစ်ပြန်လည်ဖွဲ့စည်း

**KIC ၊ စက်တင်ဘာ ၇ ။** ။ အစိုးရ၏ နယ်ခြားစောင့်တပ်အသွင်ပြောင်းလဲရေး အစီစဉ်ကို လက်မခံနိုင်သည့်အတွက် အစိုးရစစ်တပ်ကို ပြန်လည်တိုက်ခိုက်နေသည့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်-DKBAသည် ၎င်း၏ နိုင်ငံရေး၊ စစ်ရေးစွမ်းဆောင်နိုင်မှုများအား မြှင့်တင်နိုင်အောင် စနစ်တကျပြန်လည်ဖွဲ့စည်းလိုက်ပြီဟု ယနေ့ ထုတ်ဖော်ပြောသည်။

ဩဂုတ်လ ၁၄ ရက်နေ့က DKBA သည် ၎င်းတို့ ထိန်းချုပ်နယ်မြေတနေရာတွင် တပ်မှူးညီလာခံတခုပြုလုပ်ပြီး DKBA ဗဟိုကို ကလို့ထူးဘောဌာနချုပ်ဟု သတ်မှတ်ခေါ်ဝေါ်ကာ ၎င်းအောက်တွင်ကလို့ထူးဝါးနှင့်ကလို့ထူးလား ဟူ၍ စစ်ဗျူဟာနှစ်ခု သတ်မှတ်ဖွဲ့စည်းခဲ့သည်။ ၎င်းအပြင် ကလို့ထူးဘောဌာနချုပ်အောက်တွင် ပြန်ကြားရေး၊ နိုင်ငံတကာ ဆက်ဆံရေး၊ ဆေးဝါးကုသရေးဌာနများနှင့် ထောက်လှမ်းရေးတပ်ဖွဲ့တို့ကိုလည်း ဖွဲ့စည်းခဲ့သည်။

DKBA ကလို့ထူးဘောဌာနချုပ်၏ ယာယီပြန်ကြားရေးတာဝန်ခံဖြစ်သူ တပ်မှူးက “နအဖအစိုးရကို စတင်တိုက်ခိုက်တဲ့အချိန် တုန်းက (ဒီကေဘီအေက) စနစ်တကျ သိပ်မရှိသေးဘူး။ နောက်ပိုင်း (အစိုးရဖွဲ့ပေးထားတဲ့) နယ်ခြားစောင့်တပ်ကနေ ဗိုလ်ဘီ ဦးဆောင်တဲ့အဖွဲ့ကကျနော်တို့နဲ့ပြန်ပူးပေါင်းလာပြီးနောက်ပိုင်း အဖွဲ့ကို ခုလိုစနစ်တကျဖြစ်အောင် ပြန်ဖွဲ့လိုက်တဲ့သဘောပါပဲ။”ဟု ပြောသည်။

ယခု ဖွဲ့စည်းပုံအသစ်အရ ကလို့ထူးဝါးစစ်ဗျူဟာကို ဗိုလ်မှူးကြီးစောကျော်သက်က ဦးဆောင်ပြီး ကရင်ပြည်နယ် ကော့ကရိတ်၊ မြဝတီနှင့်ကျိုက်ဒုံနယ်မြေများကို တာဝန်ယူမည် ဖြစ်သည်။ လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသကိုမူ ဗိုလ်မှူးကြီးစောဘိခို့ ဦးဆောင်သည့် ကလို့ထူးလားဗျူဟာက တာဝန်ယူရန် ဖြစ်သည်။

လောလောဆယ်တွင် KNU နှင့် စစ်ရေး၊ နိုင်ငံရေး ပူးပေါင်းဆောင်ရွက်လျှက်ရှိပြီး နောင်တွင် KNU လက်အောက်၌ ကလို့ထူးဘောအထူးတပ်မအဖြစ် ပူးပေါင်းသွားနိုင်သည်ဟု အဆိုပါတပ်မှူးက ရှင်းပြသည်။ DKBA သည် KNU နှင့် ပူးတွဲ လှုပ်ရှားပြီးနောက်ပိုင်း နယ်မြေ ပိုင်စိုးနိုင်မှုများလည်း ရှိလာသလို အစိုးရစစ်တပ် လှုပ်ရှားမှုများအားလည်း နောက်ယုက်နိုင်ခဲ့သည်ဟု ဆိုသည်။

DKBA သည် မူရင်းမိခင် အဖွဲ့အစည်း KNU မှ ၁၉၉၄ခုနှစ်တွင် ခွဲထွက်ခဲ့ကာ စစ်အစိုးရနှင့်အပစ်ခတ်စဲရေးပြုလုပ်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် အစိုးရက ၎င်းအား နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းလဲရေးအစီစဉ်ချမှတ်လာရာ DKBA နာမည်ကို စွန့်လွှတ်ပြီး လက်ခံသွားသူများရှိသော်လည်း လက်မခံနိုင်သူများက DKBA အမည်ကို ဆက်လက်ခံယူကာ ၎င်းနှစ် နိုဝင်ဘာလတွင် အစိုးရအား ပြန်တိုက်ခဲ့သည်။

# လှိုင်သာယာ အလုပ်သမား ဆန္ဒပြ

**Mizzima ၊ စက်တင်ဘာ ၆ ။** ။ ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုံ (၃) ရှိ Esquire ဖိနပ်စက်ရုံ အလုပ်သမားများ အလုပ်မဆင်းဘဲ ဆန္ဒပြကာ လုပ်ခတိုးတောင်းမှုတခု အင်္ဂါနေ့က ဖြစ်ပွားခဲ့တယ်လို့ မျက်မြင်သက်သေများကပြောပါတယ်။

လုပ်ငန်းခွင် ပုံမှန်ဆင်းသူများအား ဆုကြေးအဖြစ်ပေးနေခဲ့တဲ့ ‘ရက်မှန်ကြေး’ကိုမပေးဘဲနေရာက အလုပ်သမားများက စက်ရုံဝင်းအပြင်ထွက်ပြီး လုပ်ငန်းခွင်မဆင်းဘဲနေခဲ့ကြခြင်းဖြစ်တယ်လို့ဆိုပါတယ်။

ကိုရီးယားနိုင်ငံသားပိုင် ဖိနပ်စက်ရုံက ဩဂုတ်လအတွက် လစာကို တနင်္လာနေ့ ရှင်းပေးရာမှာ ရက်မှန်ကြေး ၃,၀၀၀ ကျပ်ကို ထည့်သွင်းမပေးရာက အလုပ်သမား ၃၀၅ ဦးက အင်္ဂါနေ့မနက် ၈ နာရီ မှစပြီး ခြောက်နာရီကြာ စက်ရုံတွင်းမဝင်ဘဲ နေကြတာပါ။

“အလုပ်သမားတွေ ရက်ပျက်လို့မဟုတ်ဘူး။ အလုပ်ရှင်က သူ အလုပ်ပါးတဲ့အတွက် အလုပ်တရက် နားလိုက်တယ်။ အဲဒါကို အလုပ်သမားတွေဆီက ရက်မှန်ကြေးဖြတ်လို့ အလုပ်သမားတွေက လက်မခံဘူး” ။ အဖြစ်အပျက်ကိုတွေ့ရှိသူက ပြောပြတာပါ။

လှိုင်သာယာမြို့နယ် အလုပ်သမားဥပဒေ စိစစ်ရေးဦးစီးဌာနမှ အရာရှိများ လာရောက်ညှိနှိုင်းပေးပြီးနောက် အလုပ်ရှင်က အပိုကြေး ပြန်ပေးရန်သဘောတူခဲ့လို့ ဆန္ဒပြမှုရုပ်သိမ်းပြီး မနက်ဖြန်တွင် အလုပ် ပြန်ဆင်းကြမယ်လို့လည်း သိရပါတယ်။

“သူတို့ လုပ်ခလစာကိုတိုးပြီးတော့ တောင်းတာပါ”။ လှိုင်သာယာမြို့နယ်တာဝန်ကျရဲဝန်ထမ်းတဦးက မဇ္ဈိမကိုပြောပြပါတယ်။ သို့သော် ဆန္ဒပြတာ မဟုတ်ပါဘူးလို့လည်း သူက ဆိုပါတယ်။

## ဒေါ်အောင်ဆန်းစုကြည် ဦးသန့်မြေးနဲ့ တွေ့ဆုံ

**RFA ၊ စက်တင်ဘာ ၈ ။** ။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကွယ်လွန်သူ ဦးသန့်ရဲ့မြေး သမိုင်းပညာရှင်ဦးသန့်မြင့်ဦးနဲ့ ဒီမနက်က တွေ့ဆုံခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဦးသန့်မြင့်ဦးအပြင် Future မဂ္ဂဇင်းအယ်ဒီတာအဖွဲ့နဲ့ရော ပြင်သစ် အလွတ်သတင်းစာဆရာ တဦးနဲ့ပါ တွေ့ဆုံတယ်လို့ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေး တာဝန်ခံ ဦးအုန်းကြိုင်က ပြောပါတယ်။ အားလုံးကို နာရီဝက်ခန့်စီ အချိန်ပေး တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Derek Mitchell နဲ့လာမယ့် တနင်္လာနေ့မှာ တွေ့ဆုံမယ်လို့လည်း ဦးအုန်းကြိုင်က ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီကနေ့ တွေ့ဆုံခဲ့တဲ့ သမိုင်းပညာရှင်နဲ့ စာရေးဆရာ ဦးသန့်မြင့်ဦး ရေးသားတဲ့ Where China Meets India: Burma and the New Crossroads of Asia-တရုတ်နဲ့အိန္ဒိယ ဆုံချက်- မြန်မာနိုင်ငံနဲ့ အာရှဖြတ်သန်းတဲ့ လမ်းသစ် စာအုပ်ကို ဒီလ ၁၃ ရက်မှာ တကမ္ဘာလုံးကို ဖြန့်ချိပါမယ်။

ဒီစာအုပ်ဟာ Amazon online စာအုပ်ဆိုင်မှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ရောင်းအကောင်းဆုံး နံပါတ်-၁ စာအုပ်ဖြစ်ပြီး အာအက်ဖ်အေကထုတ်လွှင့်တဲ့ မိတ်ဆွေများအတွက် စာလက်ဆောင်ကဏ္ဍမှာ ဖော်ပြဖူးတဲ့ The River of Lost Footsteps ခြေရာပျောက်မြစ် ဟာလည်း မြန်မာနိုင်ငံနဲ့ဆိုင်တဲ့ စာအုပ်စာရင်းမှာ အရောင်းရဆုံး တအုပ် ဖြစ်ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူး ဖော်ပြမိတဲ့ ဂျာနယ် အရေးယူခံရ

**DVB ၊ စက်တင်ဘာ ၇ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်တာဗျူး မျက်နှာဖုံးအဖြစ် ဖော်ပြခဲ့တဲ့ Messenger News Journal ဂျာနယ်ကို စာပေစိစစ်ရေးက နောက်ဆက်တွဲ သတင်းတင်ပြခွင့်နဲ့ နောက်ဆုံးရသတင်းတွေ မျက်နှာဖုံးမှာ ဖော်ပြခွင့်တွေကို သီတင်းပတ်တခုထိ ပိတ်ပင်ပြီး အရေးယူလိုက်ပါတယ်။

စာပေစိစစ်ရေးက ဒီကနေ့မနက်ပိုင်းမှာ ဂျာနယ်တိုက်ကို ပိတ်ပင်ကြောင်း အကြောင်းကြားခဲ့တာဖြစ်ပြီး မကြာသေးခင်ကမှ အသစ်ပြဋ္ဌာန်းတဲ့ ပုံနှိပ်ထုတ်ဝေရေး နည်းဥပဒေတွေနဲ့ ငြိစွန်းခဲ့တယ်ဆိုပြီးအရေး ယူလိုက်တာလို့ Messenger ဂျာနယ်ရဲ့ အယ်ဒီတာတဦးက ပြောပါတယ်။"ဒီနေ့မနက်မှာ ကျနော်တို့ ဂျာနယ်တွေ တင်ပြခွင့်ရတယ်။ နောက်ဆက်တွဲ အချပ်ပို ၂ မျက်နှာရယ်၊ အဖုံးရယ်၊ ကျနော်တို့ တင်ပြလို့မရဘူး၊ ပိတ်လိုက်ပါတယ်။ အဓိက ပိတ်လိုက်တာကတော့ စာပေစိစစ်ရေးက ချမှတ်ထားတဲ့မူကို ချိုးဖောက်တဲ့အတွက် အပိတ်ခံရတာပါ။"

Messenger Journal ကို အရေးယူလိုက်တဲ့ ပုံနှိပ်ထုတ်ဝေရေး ဥပဒေအသစ်တွေဟာလည်း ဒေါ်အောင်ဆန်းစုကြည် ပြန်လွတ်လာစဉ်က ဂျာနယ်အများစု မျက်နှာဖုံးအဖြစ် ဖော်ပြခဲ့ကြတဲ့အပေါ် အရေးယူဖို့ ၁၉၆၂ ခုနှစ် ပုံနှိပ်ထုတ်ဝေသူများဆိုင်ရာ ဥပဒေတွေကို ပြင်ဆင်ဖြည့်စွက်ခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။

ဒီလို အရေးယူခံရတဲ့အပေါ် Messenger ဂျာနယ်ရဲ့အယ်ဒီတာက "စာပေစိစစ်ရေးကလည်း သူတို့သတ်မှတ်ထားတဲ့မူတွေ ရှိတယ်။ ချမှတ်ထားတဲ့မူအတိုင်း ကျနော်တို့ကလုပ်ရတာပေါ့။ တခါတလေကျရင် ကျနော်တို့ဘက်က ရည်ရွယ်ချက်နဲ့ ချိုးဖောက်တာမျိုး မဟုတ်ပေမယ့် အခြေအနေအရ အချိန်အခါအရ လုပ်လိုက်ရတာလေးတွေရှိတယ်။ ကျနော်တို့မှာ တခါတလေ အဆင်မပြေတာလေးတွေရှိတယ်။ စာပေစိစစ်ရေးဘက်ကကြည့်တော့ ချမှတ်ထားတဲ့ မူနဲ့ ငြိတယ်ပေါ့ဗျာ။"အခုပိတ်ပင်ခံရတဲ့ ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူး ဖော် ပြခွင့် ရရှိခဲ့တဲ့ Messenger ဂျာနယ်ဟာ လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတဲ့ ဗိုလ်ကြီးဟောင်း ဦးတင်အေးရဲ့သား ဦးဇော်မင်းအေး ထုတ်ဝေနေတဲ့ ဂျာနယ်ဖြစ်ပါတယ်။

## ပြည်ပထွက်အလုပ်လုပ်သူများအသက်အာမခံထားရေးပြင်

**DVB ၊ စက်တင်ဘာ ၇ ။** ။ ပြည်ပထွက်ပြီး အလုပ်လုပ်သူတိုင်း အသက်အာမခံ မထားမနေရ စနစ်ကို အကောင်အထည်ဖော်ဖို့ မြန်မာအစိုးရက ပြင်ဆင်နေပါတယ်။

ပြည်ပမထွက်ခွာမီ အသက်အာမခံကြေး ကျပ် ၂,၅ဝဝဝ နှုန်း ပေးဆောင်ပြီးမှ အာမခံ မလုပ်သူကို ခွင့်ပြုမှာမဟုတ်ဘူးလို့ ပြည်တွင်း ရုပ်မြင်သံကြားလိုင်း MRTV-4 က အာမခံလုပ်ငန်းတာဝန်ရှိသူကို ကိုးကားပြီး သတင်းထုတ်ပြန်ပါတယ်။ဒီအစီအစဉ်ကို အလုပ်သမားဝန်ကြီးဌာနနဲ့ မြန်မာ့အာမခံ လုပ် ငန်းတို့ ပူးပေါင်း ပြင်ဆင်နေတယ်လို့ဆိုပြီး ပြည်ပရောက်နေသူတွေကို ဘယ်လိုကောက်ခံမယ်ဆိုတာတော့မသိရပါဘူး။ အာမခံထားတဲ့ အလုပ်သမားတွေဟာ နိုင်ငံခြားမှာ အလုပ်လုပ်ရင်း သေဆုံးရင် အာမခံလျော်ကြေး ကျပ်သိန်း ၅ဝ ရမှာဖြစ်ပြီး ထိခိုက်ဒဏ်ရာရမှုအတွက်တော့ ထိခိုက်မှုပေါ် မူတည်ပြီး အာမခံလျော်ကြေး ရရှိမယ်လို့ဆိုပါတယ်။အလုပ်သမားတွေအတွက် ခံစားခွင့်နဲ့ ပတ်သက်လို့ မြန်မာ့အာ မခံလုပ်ငန်း မန်နေဂျာ ဦးမောင်မောင်သိမ်းကို ဒီဗွီဘီက ဆက်သွယ်မေးမြန်းရာမှာ ဖြေကြားဖို့ ငြင်းဆိုပါတယ်။

အာမခံရဖို့အတွက် တရားဝင် အလုပ်သမားအေးဂျင်စီရဲ့ထောက်ခံစာ ပြည်ပကခေါ်ယူတဲ့ အလုပ်ခန့်စာ၊ နိုင်ငံကူးလက်မှတ်နဲ့အတူ မိမိကိုယ်စား ခံစားခွင့်ရှိသူကို ခေါ်ဆောင်လာပြီး အလုပ်သမားဝန်ကြီးဌာနမှာ လျှောက်ရမည်ဟု MRTV-4 သတင်းအရ သိရပါတယ်။

မြန်မာနိုင်ငံမှာအလုပ်ကိုင်ရှားပါးမှု၊ ဝင်ငွေနည်းပါးမှုတို့ကြောင့် အိမ်နီးချင်းနိုင်ငံတွေမှာ သွားရောက် အလုပ်လုပ်နေတဲ့ မြန်မာနိုင်ငံသားသန်းနဲ့ချီရှိနေပါတယ်။ ထိုင်းနိုင်ငံမှာတော့ မြန်မာနိုင်ငံသား သုံးသန်းလောက်ရှိတဲ့အနက် အလုပ်လုပ်ခွင့် မှတ်ပုံတင်ထားသူ ခြောက်သိန်းကျော်တယ်လို့ ထိုင်းအစိုးရက ပြောထားပါတယ်။ မြန်မာ့အလုပ်သမားအရေး ကူညီနေတဲ့ ထိုင်းအခြေစိုက် မြန် မာအသင်း တာဝန်ရှိသူ ဦးကျော်သောင်းကတော့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးဟာ မြန်မာအလုပ်သမားတွေ ထိခိုက်နစ်နာသေဆုံးမှုတွေကို အစဉ်အဆက်လျစ်လျူရှုခဲ့ပြီး အခု အာမခံကြေးအစီအစဉ်ဟာလည်း မြန်မာအလုပ်သမားတွေဆီက ငွေကောက်ခံဖို့လုပ်တဲ့ အစီအစဉ်တခုပဲလို့ ပြောပါတယ်။

## နိုင်ငံရေးအကျဉ်းသားများ လွတ်ရေး ဝတ်ပြုဆုတောင်း

**MIZZIMA ၊ စက်တင်ဘာ ၅ ။** ။ မိသားစုဝင်များ အပါအဝင် အတိုက်အခံလှုပ်ရှားသူများက နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းပွဲတရပ်ကို ရွှေတိဂုံဘုရားရင်ပြင်ပေါ်တွင် တနင်္ဂနွေနေ့ နေ့လည်ကပြုလုပ်ခဲ့ကြသည်။

၈၈ မျိုးဆက်ကျောင်းသားများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ ဝင်လူငယ်များက ရွှေတိဂုံဘုရားရင်ပြင်ပေါ်တွင် ဆီးမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ကာ မေတ္တာပို့ ဝတ်ပြုခဲ့ကြခြင်းဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားများကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရေး၊ အကျဉ်းသားများ၏ထောင်လက်စွဲပါ ဥပဒေ ခံစားခွင့်များရရှိရေးနှင့် ဒီမိုကရေစီအရေး လှုပ်ရှားသူများကိုဥပဒေမဲ့ဖမ်းဆီးခြင်းများမပြုလုပ်ရန်ကြေညာချက်ထုတ်တောင်းဆိုကြသည်။

ရွှေတိဂုံဘုရား စနေဒေါင့်တွင် စုဝေးပြုလုပ်ခဲ့ကြခြင်းဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားမိသားစု အကျိုးဆောင်အဖွဲ့မှ ဦးဆောင်ပြုလုပ်ကာ အကျဉ်းသားများ ဝတ်ဆင်သည့် အင်္ကျီပုံစံမျိုး အပြာရောင်တီရှပ် ၅ဝ ကျော်ခန့် ဖြန့်ဝေ ဝတ်ဆင်ခဲ့ကြသည်။

"အန်တီက သူတို့ကို ယုံ့ကို မယုံရဲတော့ဘူး။ အခုချိန်ထိ လွှတ် ပေးမယ်ဆိုတဲ့အသံကို ဘာမှ မကြားရသေးတဲ့အတွက် မမျှော်ရဲတော့ဘူး။ မျှော်ရတာလဲ အန်တီမောတယ်။ အန်တီ့ မိသားစုက ၅ ယောက်တောင်ဆိုတော့ ၅ ယောက်စလုံး လွတ်မြောက်ရေးရောယုံကြည်ချက် ခံယူချက်တွေနဲ့ ကျနေတဲ့ သူတွေအတွက်ကော လွှတ်စေချင်တဲ့အတွက် ကြိုးစားရမှာပဲ။ လိုအပ်တဲ့ဟာ လိုအပ်သလိုပဲပေါ့။ လုပ်ဆောင်သွားရမှာပေါ့" ဟု နိုင်ငံရေးအကျဉ်းသူ မသက် သက်အောင်၏ မိခင် ဒေါ်စုစုကြည်က မဇ္ဈိမကိုပြောခဲ့သည်။

# စတုတ္ထမဏ္ဍိုင်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး

**ခင်မမမျိုး**

နိဒါန်း

အာဖရိကနိုင်ငံတနိုင်ငံဖြစ်တဲ့ နိုက်ဂျီးရီးယားနိုင်ငံမှာ THISDAY Newspaper Group ဆိုတဲ့ စာနယ်ဇင်းအဖွဲ့တဖွဲ့ ရှိပါတယ်။ ဒီအဖွဲ့ဟာ နိုက်ဂျီးရီးယား စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ခဲ့စဉ်မှာကတည်းက တက်ကြွစွာပါဝင်ခဲ့ပါတယ်။

စစ်အာဏာရှင်စနစ်ကျဆုံးပြီး နောင်းပိုင်းကာလတွေမှာလဲ ဒီမိုကရေစီစနစ်ရဲ့ အသက်သွေးကြောဖြစ်တဲ့ စတုတ္ထမဏ္ဍိုင် (သတင်း၊စာနယ်ဇင်း၊ မီဒီယာကဏ္ဍ)မှာ အင်အားတရပ်အဖြစ် ပါဝင်ခဲ့ပါတယ်။ဒီလိုပါဝင်ရင်း (၂၀၀၁) ခုနှစ်မှာ Economic Intelligence Group ကို ထပ်မံဖွဲ့စည်းခဲ့ပါတယ်။ ဒီအုပ်စုမှာ ပါဝင်တဲ့စီးပွားရေးပညာရှင် တွေဟာ နိုင်ငံတော်က ချမှတ်ထားတဲ့ စီးပွားရေးမူဝါဒများကို စောင့်ကြည့်လေ့လာခြင်း၊ ထိရောက်မှုများကို တိုင်းတာ သတ်မှတ်ခြင်း၊အားနည်းချက်ရှိနေသော ကဏ္ဍများကို ဖော်ထုတ်ခြင်း၊ နိုင်ငံတော်မှဖော်ဆောင်နေသော မူဝါဒများနှင့်ပတ်သက်၍ ပြည်သူလူထု၏ အမြင်သဘောထားများကို လေ့လာတင်ပြခြင်း၊ ကမ္ဘာ့အရပ်ရပ်တွင် ကျင့်သုံးနေသော ထိရောက်သည့် မူဝါဒများကို သုံးသပ်တင်ပြခြင်းဖြင့် ပါလီမန်အတွင်းမှ နိုင်ငံရေးသမားများနှင့် ပြည်သူလူထုအား ပညာပေးခြင်း စတာတွေကို ပြုလုပ်ခဲ့ပါတယ်။

ဒါတွေဟာ စတုတ္ထမဏ္ဍိုင် အင်အားစုတရပ်အနေနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်တွေကို ဖော်ဆောင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

စတုတ္ထမဏ္ဍိုင်

သတင်းနဲ့ စာနယ်ဇင်းကဏ္ဍဟာ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်စတဲ့ မဏ္ဍိုင်ကြီးသုံးရပ်ကို စောင့်ကြည့်လေ့လာတည့်မတ်ပေးရတာဖြစ်တဲ့အတွက် စတုတ္ထမဏ္ဍိုင်ဆိုပြီး ဗြိတိသျှပါလီမန်အမတ် အက်ဒမန်ဗတ်(၁၇၂၉-၁၇၉၇)က တင်စားခေါ်ဝေါ်ခဲ့ရာက စတုတ္ထမဏ္ဍိုင်အဖြစ် အမည်တွင်လာခဲ့တာဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပဲ စတုတ္ထမဏ္ဍိုင်နဲ့ပတ်သက်ပြီး ပညာရှင်များက လေ့လာဖော်ထုတ်ခဲ့ကြတဲ့ သီအိုရီသဘော တရားတွေမှာလဲ သီအိုရီကြီးလေးခုက ထင်ရှားကျော်ကြားလာခဲ့ပါတယ်။

သတင်းစာနယ်ဇင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ ပညာရှင်များဖြစ်ကြတဲ့ Fred S. Siebert, Theodore Peterson. Wilbur Schramm တို့က ကမ္ဘာ့သတင်းစာနယ်ဇင်းလောမှာ လည်ပတ်နေတဲ့ ယန္တရားတွေဟာ သီအိုရီလေးခုပေါ်မှာ အခြေခံနေတယ်လို့ ဆိုခဲ့ကြပါတယ်။ ပထမသီအိုရီကတော့ အမှန်တရားဆိုတာ ပညာရှိအချို့ရဲ့ထုတ်ကုန်သာ ဖြစ်တယ်ဆိုတဲ့ အတွေးအခေါ်ကို အခြေခံပြီး၊ Renaissance နောင်းပိုင်း ကာလတုန်းက ပေါ်ထွက်လာခဲ့တဲ့ Authoritarian theory ဖြစ်ပါတယ်။ ဒုတိယတမျိုးကတော့ စာနယ်ဇင်း သတင်းမီဒီယာဟာ နိုင်ငံတော်ရဲ့ အကျိုးစီးပွားနဲ့လုပ်ငန်းဆောင်တာတွေကို ထောက်ကူပေးရမယ်ဆိုတဲ့ အတွေးအခေါ်ပေါ်မှာ အခြေခံထားတဲ့ Soviet Communist theory ဖြစ်ပါတယ်။

တတိယတမျိုးကတော့ တိုင်းသူပြည်သားတွေရဲ့ ဆုံးဖြတ်ချက်တွေမှာ လိုအပ်သော သတင်းအချက်အလက်များ လုံလုံလောက်လောက်ရရှိနိုင်ရေးအတွက် မီဒီယာမှာ တာဝန်ရှိတယ်ဆိုတဲ့ အတွေးအခေါ်ကို အခြေခံထားတဲ့ Social Responsibility Theory ဖြစ်ပါတယ်။ စတုတ္ထတမျိုးကတော့ သတင်းနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်ကို အတိုင်းအဆမရှိ ဦးစားပေးရမယ်ဆိုတဲ့ အတွေးအခေါ်ပေါ်မှာအခြေခံထားတဲ့ Libertarian Theory ဖြစ်ပါတယ်။ ၂၁ ရာစုရဲ့သတင်းနဲ့စာနယ်ဇင်းလောကမှာ Social Responsibility Theory နဲ့ Libertarian Theory တွေက ပိုပြီးထင်ရှားလာပါတယ်။

ယူကေနိုင်ငံက ဘီဘီစီသတင်းဌာနနဲ့ အမေရိကန်ပြည်ထောင်စုက NPR သတင်းဌာနတွေဟာ အများပြည်သူရဲ့ အသုံးပြုကနေရရှိလာတဲ့ ဝင်ငွေပေါ်မှာတည်မှီပြီး၊ ကြော်ငြာကဏ္ဍကို မှီခိုမှုနည်းပါးတာကြောင့် ပြည်သူလူထုအကျိုးစီးပွားကို ပိုမိုကိုယ်စားပြုနိုင်ပြီး၊ လုပ်ငန်းရှင်များရဲ့အကျိုးစီးပွားကို ကိုယ်စားပြုမှု လျှော့နည်းခြင်း၊ ဖျော်ဖြေရေးကဏ္ဍသာမကပဲ ပညာပေးကဏ္ဍတွေကိုပါ ပူးတွဲအကောင်အထည်ဖော်ခြင်း၊ မီဒီယာကျင့်ဝတ်များကို လေးစားလိုက်နာခြင်းစတဲ့ သွင်ပြင်လက္ခဏာတွေ ရှိတဲ့အတွက် Social Responsibility Theory ကို အခြေခံထားတဲ့ သတင်းဌာနတွေအဖြစ် လေ့လာသုံးသပ်သူများက ဆိုကြပါတယ်။

နိုင်ငံရေးပညာရှင်တွေကတော့ ဒီသီအိုရီ ခွဲခြားမှုတွေဟာ အာဏာရှင်စနစ်ကနေ လစ်ဘရယ်ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းရာမှာ သတင်းနဲ့ စာနယ်ဇင်းကဏ္ဍဟာလဲ authoritarian theory ကို အခြေခံထားရာမှ Social Responsibility Theory နဲ့ Libertarian Theory တွေကို အခြေခံအဖြစ် ကူးပြောင်းရမယ်ဆိုတဲ့ evolutionary mode of political development ကို အသုံးပြုထားခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ကြပါတယ်။ ဒီလိုတွေ့ရှိချက်တွေဟာ စာနယ်ဇင်းလွတ် လပ်ခွင့်နဲ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအကြားကဆက်နွယ်မှု တွေကို ဖော်ထုတ်ပေးနိုင်တဲ့အတွက် အခွင့်အရေးတွေနဲ့ပတ်သက်ပြီးအငြင်းပွားနေတဲ့အမြင်နှစ်ရပ်ကိုပေါင်းစပ်ပေးပြီးသားဖြစ်သွားပါတယ်။

စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ the right of expression ဖြစ်တဲ့အတွက် နိုင်ငံရေးအခွင့်အရေး (political right) ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုမှလွတ်ကင်းရေးဆိုတာကကျတော့ လူမှုရေးအခွင့်အရေး(social right) ဖြစ်ပါတယ်။ အနောက်နိုင်ငံတွေရဲ့လူ့အခွင့်အရေးလှုပ်ရှားသူတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေက မူဝါဒ ချမှတ်သူတွေအကြားမှာ နိုင်ငံရေး အခွင့်အရေးနဲ့ လူမှုရေးအခွင့်အရေးတွေမှာ ဘာကိုပိုပြီး ဦးစားပေးသင့်တယ်ဆိုတာနဲ့ပတ်သက်ပြီး အငြင်းပွားမှုတွေ ရှိပါတယ်။

**စာမျက်နှာ ၁၈ သို့**

# ဝ ပြည်သွေးစည်းညီညွတ်ရေး ကိုယ်စားလှယ်အဖွဲ့နဲ့ အစိုးရကိုယ်စားလှယ် နှစ်ဦး တွေ့ဆုံ

**DVB । စက်တင်ဘာ ၈ ။** ။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ ထဲ မှာ အင်အားအကောင်းဆုံးဖြစ်တဲ့ ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (ယူဒဗလျူအက်စ်အေ) ကိုယ်စားလှယ်အဖွဲ့နဲ့ အစိုးရ ကိုယ်စားလှယ်နှစ်ဦး စက်တင်ဘာ ၆ ရက်နေ့က တွေ့ဆုံခဲ့ပါတယ်။

ဝ တပ်ဖွဲ့ရဲ့ဘဏ္ဍာရေးနဲ့ စီးပွားရေးတာဝန်ခံ ပေါက်ယိုလျှံ၊ ပြည်ပဆက်သွယ်ရေးတာဝန်ခံ ကျောက်ကော်အန်းနဲ့ ပြန်ကြားရေးအရာရှိ ဦးအောင်မြင့်တို့က အစိုးရကိုယ်စားလှယ် ကြံ့ဖွံ့ပါတီခေါင်းဆောင်တွေ ဖြစ်တဲ့ ဦးသိန်းဇော်၊ ဦးအောင်သောင်းတို့နဲ့ ရှမ်းပြည် အရှေ့ပိုင်း ကျိုင်းတုံမြို့မှာ တွေ့ဆုံခဲ့တယ်လို့ ဝတပ်ဖွဲ့နဲ့ နီးစပ်တဲ့ သတင်းရပ်ကွက် အရ သိရပါတယ်။ တွေ့ဆုံပွဲအတွင်း အပစ်ခတ်ရပ်စဲရေးကို ဆက်ထိန်းသိမ်းသွားကြဖို့နဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆက်လက် လုပ်ဆောင်သွားကြဖို့သာ ပြောဆိုခဲ့ပြီး နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကိစ္စတွေနဲ့ ပတ်သက်လို့ တစုံတရာ ဆွေးနွေးတာမရှိဘူးလို့ သိရပါတယ်။

ဆွေးနွေးမှုနဲ့ပတ်သက်လို့ တရုတ်-မြန်မာနယ်စပ် စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက…

"အရင်တုန်းက နယ်ခြားစောင့်တပ် မလုပ်တဲ့အတွက် ၂ လ ပိုင်းကထုတ်ပြန်တဲ့ သူတို့ရဲ့ အတွင်းပိုင်း ကြေညာချက်မှာ ရှင်းရှင်းလင်းလင်းဖော်ပြထားတာက ဒီအဖွဲ့အစည်းတွေဟာ ၂၀၁၁ ထဲမှာ နယ်ခြားစောင့်တပ် ဖွဲ့စည်းတာကို လက်မခံရင် ဒါဟာ အဖျက်အမှောင့် လုပ်ငန်းတွေ လုပ်တယ်၊ သောင်းကျန်းသူ အဖွဲ့အစည်းတွေဖြစ်တယ်၊ ဖြတ်လေးဖြတ်နဲ့ လုပ်မယ်ဆိုပြီး အကုန်လုံးကို ဟိုကပိတ်ဒီကပိတ် တပ်တွေဖြန့်တယ်၊ နဂိုက သဘောတူညီထားတဲ့ ဖွံ့ဖြိုးရေးအဖွဲ့တွေ ပြန်ခေါ်သိမ်း လုပ်ပြီးတော့မှ အခုတခါ သူတို့ အကျပ်အတည်းဖြစ်နေတယ်၊ နိုင်ငံတကာမှာလည်း အစိုးရသစ်တက်ပြီး တဖွဲ့ပြီးတဖွဲ့နဲ့ တိုက်နေတယ်ဆိုတာမျိုးဖြစ်နေတော့ အစိုးရက ဒီအဖွဲ့ကို လာပြီးတော့ ချော့တာပေါ့" လို့ ပြောပါတယ်။

လောလောဆယ်မှာတော့ အစိုးရတပ်တွေနဲ့ နယ်ခြားစောင့် တပ်ဖွဲ့ရေးကို လက်မခံတဲ့ ကချင်ပြည်လွတ်လပ်ရေးတပ်မတော် KIA နဲ့ တိုက်ပွဲတွေ နေ့စဉ်ဆိုသလို ရင်ဆိုင်နေရသလို ရှမ်းပြည်နယ်၊ကရင်ပြည်နယ်တွေဘက်မှာလည်း တိုက်ပွဲတွေဖြစ်နေပါတယ်။ စက်တင်ဘာလ ၇ ရက် မနေ့ကလည်း အမျိုးသားဒီမိုကရေစီမဟာ မိတ်တပ်မတော်၊ ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ ၄ မိုင်းလားတပ်ဖွဲ့မှကိုယ်စားလှယ်တွေနဲ့ ဦးသိန်းဇော်၊ ဦးအောင်သောင်းတို့ကျိုင်း တုံမြို့မှာ တွေ့ဆုံခဲ့ကြပြီး အလားတူပြောဆိုခဲ့တယ်လို့သိရပါတယ်။ ဝ တပ်ဖွဲ့ဟာ ၁၉၈၉ခုနှစ် ဧပြီလအတွင်း ဗမာပြည် ကွန်မြူနစ်ပါတီမှ ခွဲထွက်ခဲ့ကာ အပစ်ခတ်ရပ်စဲရေး ပြုလုပ်ခဲ့ပါတယ်၊ ရှမ်းပြည်အထူးဒေသ ၂ အဖြစ်ရပ်တည်ခွင့်ရှိခဲ့ပြီး လက်နက်ကိုင်အင်အား သုံးသောင်းဝန်းကျင် ရှိနေပါတယ်။

၂၀၀၉ ခုနှစ်အတွင်းက စတင်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေကို နယ်ခြားစောင့်တပ် သို့မဟုတ် ဌာနေပြည်သူ့စစ် အသွင်ပြောင်းဖို့ စစ်အစိုးရက ဖိအားပေး ပြောဆိုလာခဲ့ရာ ဝ တပ်ဖွဲ့က ငြင်းဆိုခဲ့ပြီးနောက်ပိုင်း နှစ်ဖက်အကြား ဆက်ဆံရေး တင်းမာနေခဲ့ပါတယ်။

တဖက်နဲ့တဖက် စစ်ရေးပြင်ဆင်တာတွေ လုပ်ခဲ့သလို ဝ ဒေသအတွင်းရောက်ရှိနေတဲ့ ကျန်းမာရေး၊ ပညာရေး အစိုးရဝန် ထမ်းတွေကို ပြန်လည်ရုပ်သိမ်းခဲ့တဲ့အထိ ဆက်ဆံရေး ပြတ်တောက်ခဲ့ပါတယ်။

---

**စာမျက်နှာ ၆ မှ**

ရွက်ချက်များကို ချီးကျူးကြောင်း မှတ်တမ်းတင်"တယ်ဆိုတဲ့ အဆိုကိစ္စပဲ။ အဲဒီအဆိုမှာလည်း အထက်ကလိုပဲ အများစုနဲ့ အနိုင်ကျင့်အတည်ပြုလိုက်တယ်လို့ သိရပါတယ်။

တကယ်ကျတော့ ဒါတွေဟာ အောက်ရုံးမှာ ဖြစ်နေတာပါ။ အထက်ရုံးနဲ့သမ္မတရုံးတွေ ကျန်ပါသေးတယ်။ ဒါ့အပြင် ၁၉၅၀အရေးပေါ်စီမံမှု အက်ဥပဒေဆိုတာမျိုးနဲ့ အချိန်မရွေး အာဏာသိမ်းခွင့်ပေးထားတဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာကြီးလည်း ရှိပါသေးတယ်။ ဒီတော့ ဘာမှမရှိတာနဲ့ စာရင် ဒါမျိုးတွေရှိတာက တော်သေးတယ်လို့ ပြောလေ့ရှိသူတွေကို မေးဖို့ကောင်းတာက…

-ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဒီလွှတ်တော်ကြောင့်မို့ နိုင်ငံ့ခနတွေဟာ အခုဗိုလ်ချုပ်မျိုးစုံနဲ့ လက်ဝေခံမျိုးစုံ လက်ဝါးကြီး အုပ်ထားတဲ့ အောက်ကနေ ပြည်သူတွေရဲ့လက်ကို ရောက်လာမှာတဲ့လား။

- နိုင်ငံရဲ့အရေးကြီးကိစ္စတွေကို ဆုံးဖြတ်ရာမှာ ဗိုလ်ချုပ်တွေ သဘောထားနဲ့ ဆန့်ကျင်ပြီး ဆုံးဖြတ်လို့ရမှာတဲ့လား။

အထက်မှာပြောခဲ့တာကို ပြန်ကောက်ရရင် ဇာတ်လမ်းကအခုမှ အလယ်ပိုင်းတောင် ကောင်းကောင်း မရောက်သေးပါဘူး။ ရက် ၁၀၀ ကျော်ရုံလေးပဲ ရှိပါသေးတယ်။ တင်းပုတ်နဲ့ထုတာ ခံနေရပါပြီ။ ✡✡✡

---

**စာမျက်နှာ ၁၇ မှ**

အနောက်နိုင်ငံတွေရဲ့ လူ့အခွင့်အရေးလှုပ်ရှားသူတွေက နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ (civil and political rights) ကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် လူမှုအခွင့်အရေး၊ စီးပွားရေးအခွင့်အရေးများနဲ့ယဉ်ကျေးမှုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေးအတွက် empowerment လုပ်ပြီးသား ဖြစ်သွားတယ်လို့ အဆိုရှိကြပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေကမူဝါဒချမှတ်သူတွေကတော့လွတ်လပ်စွာ ပြောကြားခွင့်၊ လွတ်လပ်စွာ စုဝေးလှုပ်ရှားခွင့်ဆိုတာ ဆာလောင်မွတ်သိပ်ပြီး၊ ဆင်းရဲနွမ်းပါးသူတွေအတွက် အသုံးမဝင်နိုင်တဲ့ အတွက် ဘဝရှင်သန်ရပ်တည်ဖို့အခြေခံလိုအပ်ချက်တွေကိုကိုယ်စားပြုတဲ့လူမှုအခွင့်အရေးတွေကို ဦးစားပေးဖို့လိုအပ်တယ်လို့ ဆိုကြပါတယ်။

သတင်းစာနယ်ဇင်းနဲ့ပတ်သက်ပြီး နိုင်ငံရေးရှုထောင့်ကနေ လေ့လာတွေ့ရှိချက်ဖြစ်တဲ့ evolutionary mode of political development ဟာ စာနယ်ဇင်းလွတ်လပ်ခွင့်နဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအကြားက ဆက်နွယ်မှုတွေကို ဖော်ထုတ်ပေးပြီး ဒီလိုကွဲပြားနေတဲ့အမြင်နှစ်ရပ်ကို ပေါင်းစပ်ပေးပါတယ်။ နိုင်ငံတနိုင်ငံရဲ့ စတုတ္ထမဏ္ဍိုင်ဟာ အုပ်ချုပ်နေတဲ့အစိုးရက ကြိုးကိုင်ထားတာ ခံထားရတဲ့အခါ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံချက်တွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ အစိုးရကြိုးကိုင် မီဒီယာတွေဟာ သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်း၊ အစိုးရဝါဒများကို ဖြန့်ချိပေးခြင်းစတာတွေပြုလုပ်နိုင်မှာဖြစ်ပေမယ့် အစိုးရရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းဆောင်တာတွေကိုစောင့်ကြည့်လေ့လာထိန်းသိမ်းတည့်မတ်မှုတွေ ပြုလုပ်နိုင်ခြင်းမရှိပါဘူး။ **ဆက်လက်ဖော်ပြပါမည်**

# ကျောင်းသားသမဂ္ဂအဆောက်အဦးပုံကို ထူးဆန်းစွာ ပြန်လည် ဖော်ပြခွင့်ရ

**VOA ၊ စက်တင်ဘာ ၈ ။** ။ အများပြည်သူကြားထဲ နှစ်ပေါင်းများစွာပုံနှိပ်ဖြန့်ချိခွင့်မရခဲ့တဲ့ သမိုင်းဝင် ကျောင်းသားသမဂ္ဂအဆောက်အဦးပုံပါတဲ့ စာအုပ်တအုပ်ကို ဒီကနေ့ စက်တင်ဘာလ ၈ ရက်နေ့မှာ စတင်ဖြန့်ချိလိုက်ပါပြီ။ မြန်မာ့လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားထားတဲ့ စာအုပ်တအုပ်ထဲမှာ သမဂ္ဂအဆောက်အဦးပုံကိုပါ ပုံနှိပ်ဖြန့်ချိခွင့် ရခဲ့တာပါ။ အပြည့်အစုံကို ကိုကျော်ကျော်သိန်းက တင်ပြပေးထားပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိတ်ဆွေတွေ၊ လုပ်ဖော်ကိုင်ဘက်တွေ စသဖြင့် စာရေးဆရာတွေ ရေးသားခဲ့တဲ့ ဆောင်းပါး ၅၇ ပုဒ်ကို စုစည်းပြီးတော့ 'အောင်ဆန်းနော်၊ ဗိုလ်ချုပ်နော်၊ တေဇနော်'ဆိုတဲ့ စာအုပ်ထဲမှာ ကျောင်းသားသမဂ္ဂ အဆောက်အဦးပုံကိုပါ ထည့်သွင်းဖော်ပြထားတာပါ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘဝတလျှောက် ခေတ် အသီးသီးကို ထင်ဟပ်တဲ့ဓာတ်ပုံတွေကို ကဏ္ဍတွေခွဲပြီး ဖော်ပြထားတယ်လို့ ဒီစာအုပ်ကို ထုတ်ဝေတဲ့ တိုးမြစ်စာအုပ်တိုက်ရဲ့ထုတ်ဝေသူ ကိုဝင်းဖော်လတ်က ဗွီအိုအေကို ပြောပါတယ်။

"ကျနော်တို့က ဒီစာအုပ်မှာတော့ ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ဖူးသည့် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အဦးဆိုပြီး နောက်မှာ အဲဒီလိုလေး ထည့်ပြီးတော့ ဖော်ပြထားတာပေါ့ဗျာ။ ပြီးတော့ ဗိုလ်ချုပ်ဓာတ်ပုံတွေကို ဖော်ပြတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းရဲ့ကျောင်းသားဘဝ၊ နောက်တခုက သခင်ဘဝ၊ နောက် ရဲဘော်သုံးကျိပ်ဘဝ၊ ပြီးတော့ ဗိုလ်ချုပ်ရဲ့အိမ်ထောင်သည်ဘဝ၊ နောက် စစ်ဝန်ကြီးဘဝ၊ ပြီးတော့ နောက်ပိုင်း နိုင်ငံရေးသမား ဦးအောင်ဆန်းဘဝပေါ့၊ အဲဒီလိုမျိုး ကဏ္ဍ ၃ ခုခွဲပြီး ဓာတ်ပုံတွေကို စာအုပ်ရဲ့ သင့်တော်တဲ့ နေရာတွေမှာ အပိုင်းလိုက်၊ အပိုင်းလိုက်ခွဲပြီးတော့ထည့်ထားပါတယ်။အဲဒီအထဲမှာကျောင်းသားကဏ္ဍမှာဆိုရင် ကျောင်းသားသမဂ္ဂ အဆောက်အဦးကို ထည့်ထားပါတယ်။"

ကျောင်းသားသမဂ္ဂအဆောက်အဦးဟာ တချိန်တုန်းက ရန်ကုန်တက္ကသိုလ်ဝင်း အတွင်းမှာ တည်ရှိခဲ့တာဖြစ်ပြီး ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ မနက်ပိုင်းမှာ အဲဒီအချိန်တုန်းက ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ဖောက်ခွဲဖြိုချပစ်ခဲ့တာပါ။ အဲဒီအချိန်နောက်ပိုင်းကတည်းက ကျောင်းသားသမဂ္ဂအဆောက်အဦးပုံကို မြန်မာနိုင်ငံတွင်း စာပေစိစစ်ရေး ခွင့်ပြုချက်နဲ့ တရားဝင်ထုတ်ဝေရတဲ့ စာအုပ်တွေမှာ ပုံနှိပ်ဖော်ပြခွင့် မရခဲ့တာကြောင့် ရာစုနှစ်ဝက်နီးပါးကြာပြီးနောက်မှာမှ အများပြည်သူ ကြည့်ခွင့်ရတဲ့အထိ ပုံနှိပ်ဖော်ပြနိုင်ခဲ့တဲ့အပေါ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သူကတော့ ၇ ဇူလိုင်အရေးအခင်းမှာ ကိုယ်တိုင်ပါဝင်ခဲ့သူ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်ဟောင်း ဦးနိုင်းနိုင်းဖြစ်ပါတယ်။

"ဒီလို ပုံနှိပ်ခွင့်ဆိုတာကတော့ ရရမယ့်ဥစ္စာ အခုရလာတာပေါ့ဗျာ။ အင်မတန် မင်္ဂလာရှိပြီး ဝမ်းသာစရာကောင်းတယ်လို့ ကျနော်မြင်ပါတယ်။ကျောင်းသားသမဂ္ဂအဆောက်အဦးဆိုတာက သမိုင်းမှာလည်း အင်မတန်အရေးကြီးတဲ့ Landmarkပေါ့ဗျာ၊အမှတ်တရနေရာဌာနကြီးဖြစ်ပါတယ်။ တိုင်းပြည်နဲ့ချီပြီး မင်္ဂလာရှိတဲ့ အဆောက်အဦးတခုကအမြဲတမ်းလို စဉ်ဆက်မပြတ် ရုံဖန်ရံခါ စာနယ်ဇင်းတွေမှာ ပါသင့်တဲ့ဥစ္စာ နှစ်ပေါင်းများစွာ ဘယ်မှာမှ မမြင်ရဘူး။ ကျနော်ကတော့သိမ်းထားပါတယ်၊ကျောင်းသားသမဂ္ဂအဆောက်အဦးပုံကိုတလောကမှကျောင်းသားလူငယ်တွေကို ပြသေးတယ်။ ကျနော့်မှာ ဓာတ်ပုံသေချာရှိတယ်။

"အဲဒီတော့ ဒီဥစ္စာကြီး ဒီမှာ လူသိရှင်ကြား၊ လူတွေ သိသင့်သိထိုက်တဲ့ဟာကို အများပြည်သူ မြင်တွေ့နိုင်အောင် ထုတ်ဝေခွင့်ရတယ်ဆိုတာကအစ အင်မတန်ကြီးမားတဲ့ မင်္ဂလာတရားတခုဖြစ်ပေါ်လာတယ် လို့ယူဆပါတယ်။ နောက်တခုက သမိုင်းဆိုတာဖျောက် လို့မရဘူး၊ ကွယ်လို့မရဘူး၊ ပြန်ပေါ်မှာပဲဆိုတဲ့ အဆိုအမိန့်က တယ်မှန်တာပဲဆိုတဲ့ဟာကို ခံစားရတယ်၊ ဝမ်းသိပ်သာတယ်ဗျာ၊ အဲဒီကိစ္စနဲ့ ပတ်သက်လို့။"

လက်ရှိမှာ NLD ရဲ့ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တဦးဖြစ်တဲ့ ဦးနိုင်းနိုင်းဟာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို ကိုယ်စားပြုပြီး ပုဇွန်တောင်မြို့နယ်ကနေရွေးကောက်တင်မြှောက်ခံခဲ့ရတဲ့ လွှတ်တော်ကိုယ်စားလှယ်တဦး ဖြစ်သလိုနှစ်ရှည် အကျဉ်းကျခဲ့တဲ့ နိုင်ငံရေး အကျဉ်းသားဟောင်း တဦးလည်းဖြစ်ပါတယ်။ အခု ထုတ်ဝေဖြန့်ချိလိုက်တဲ့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်ထဲမှာကျောင်းသားသမဂ္ဂအဆောက်အဦးပုံအပြင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးဖြစ်သူ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ချခံထားရစဉ် ကာလအတွင်းရေးဆွဲ ခဲ့တဲ့ ဗိုလ်ချုပ်ရဲ့ပုံတူ Sketch ပုံကြမ်း ၃ ခုလည်း ပါသလို ဗိုလ်ချုပ်ပုံနဲ့ထုတ်ခဲ့ဖူးသမျှ ငွေစက္ကူတွေ၊ တခြားသမိုင်းဝင်ဓာတ်ပုံတွေလည်း ပါတယ်လို့ ထုတ်ဝေသူက ပြောပါတယ်။

"နောက်ပိုင်းလူငယ်တွေ အနေနဲ့ကျောင်းသားသမဂ္ဂအဆောက်အဦး ဆိုတာကို မေ့လျော့နေပြီ။ မေ့လျော့နေပြီ ဆိုတဲ့အခါကျတော့ အခုလိုမျိုး စာအုပ်တအုပ်မှာ ကျောင်းသားသမဂ္ဂ အဆောက်အဦးကို ပြန်ပြီးတော့ ပုံနှိပ်ဖော်ပြခွင့် ရတဲ့အတွက် ကျနော်အရမ်းပဲ ဝမ်းသာပါတယ်။ အထူးသဖြင့် ဒီလိုမျိုး ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ရေးထားတဲ့ စာအုပ်ထဲမှာ ဖော်ပြခွင့် ရတဲ့အတွက်၊ အဓိကတော့ အခုလို ဗိုလ်ချုပ်အောင်ဆန်းကို လူတွေ ပြန်ပြီးတော့ လှိုက်လှိုက်လှဲလှဲနဲ့ ဗိုလ်ချုပ်စာအုပ်တွေ ဖတ်တဲ့အချိန်မှာ အားပေးကြတယ်၊ စိတ်ဝင်စားမှုရှိကြတယ်ဆိုတဲ့အချိန်၊ ဗိုလ်ချုပ်အောင်ဆန်းစာအုပ်တအုပ်ထဲမှာ ဒီလိုမျိုး ထည့်ခွင့်ရတယ်၊ ပုံနှိပ်ဖော်ပြခွင့်ရတဲ့အတွက် ကျနော်အများကြီး ဝမ်းသာပါတယ်။ နောက်ပိုင်းလူငယ်တွေ အတွက်လည်း သမိုင်းဆိုင်ရာ အားဖြင့် တန်ဖိုးတခုခု ရှိလိမ့်မယ်လို့ ကျနော်ထင် ပါတယ်။"

'အောင်ဆန်းနော်၊ ဗိုလ်ချုပ်နော်၊ တေဇနော်' စာအုပ်ကို ထုတ်ဝေသူ ကိုဝင်းဖော်လတ် ပြောပြခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်တုန်းကလည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံမေးမြန်းခန်းတခုကိုပြည်တွင်းထုတ် Messenger ဂျာနယ်မဂ္ဂဇင်းမှာ ထည့်သွင်းဖော်ပြခွင့်ရခဲ့လို ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ရေးတဲ့ ပုဂံခရီးသွားဆောင်းပါးကိုလည်း ပြည်သူ့ခေတ်ဂျာနယ်မှာ ဖော်ပြနိုင်ခဲ့ပါတယ်။

အခု ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်နဲ့အတူ ကျောင်းသားသမဂ္ဂအဆောက်အဦးပုံကိုပါ ပုံနှိပ်ဖော်ပြခွင့်ရခဲ့တဲ့ တိုးမြစ်စာအုပ်တိုက်ကတော့ နောင်မှာလည်း အလားတူ ပုံနှိပ်ထုတ်ဝေခွင့်တွေ ဆက်ပြီးရသွားဖို့ မျှော်လင့်ထားပါတယ်။

# DKBA တပ်မတော်ကို မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ် ( ဂျပန်)မှ ထောက်ခံ

**KIC ၊ စက်တင်ဘာ ၇ ။** ။စစ်အာဏာရှင်စနစ်အား ပြတ်ပြတ်သားသား ဆန့်ကျင်တော်လှန်တိုက်ပွဲဝင်နေသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုး သားတပ်မတော် DKBA ဆက်လက်ရပ်တည်နေခြင်းအပေါ် လေးစားထောက်ခံကြောင်း ဂျပန်နိုင်ငံအခြေစိုက် မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ်(LDB)မှ စက်တင်ဘာလ ၅ရက်နေ့က ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။

၎င်းထုတ်ပြန်စာထဲတွင် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကျင်းပပြုလုပ်ခဲ့သည့် အတုအယောင် ရွေးကောက်ပွဲရလဒ်ကိုလက်မခံဘဲ ၂၀၁၀ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်မှစတင်ပြီး ဆန့်ကျင်တော်လှန်ခဲ့သည့် DKBA သည် မြန်မာနိုင်ငံတွင်ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်းများကဲ့သို့ မြန်မာပြည်သူလူထုအကြားတွင် အခိုင်အမာတည်ရှိနေသည့် တော်လှန်ရေးအဖွဲ့အစည်းတခုဖြစ်သည်ဟု ဖော် ပြထားသည်။

LDB ၏ ကြေညာချက်အပေါ် DKBA ကလို့ထူးဘောဗျူဟာမှ ဗိုလ်မှူးစောဆန်းအောင်က "မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ်ကနေ ကျနော်တို့ရပ်တည်နေမှုအပေါ် ထောက်ခံခဲ့တဲ့အတွက် တော်တော်လည်းဝမ်းမြောက်ပီတိဖြစ်မိပါတယ်။ ကျနော်တို့အနေနဲ့ကလည်း ပြည်သူလူထုအပေါ်မှာ လိမ်ညာလှည့်ဖြားတာမရှိပါဘူး။ ရှေ့ဆက်ပြီးတော့လည်း တိုက်ပွဲဝင်သွားမှာပါ။

ဒီကေဘီအေရဲ့ သမိုင်းကိုတော့ ဘယ်တော့မှ အပျောက်မခံပါဘူး။"ဟု ကေအိုင်စီကို ယနေ့ပြောသည်။ ထို့အပြင် DKBA သည်စစ်ရေးနှင့်နိုင်ငံရေးကို မိခင်ကေအဲန်ယူ၏ လုပ်ငန်းစဉ်အတိုင်းလုပ်ဆောင်သွားမည်ဖြစ်ပြီး အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ အဖိနှိပ်ခံပြည်သူများနှင့်အတူ ကြံ့ဖွံ့အစိုးရအား ဆက်လက်တော်လှန်သွားမည်ဟု လည်း ဗိုလ်မှူးစောဆန်း အောင်ကထပ်မံ ပြောိုသည်။

၂၀၁၀၊ ဩဂုတ်လ ၁၈ရက်နေ့တွင် ဒီကေဘီအေတပ်ဖွဲ့ဝင်များ နယ်ခြားစောင့်အသွင်ကူးပြောင်းခဲ့သော်လည်း ဗိုလ်ချုပ်စော လားပွယ် ဦးဆောင်သည့် ကလို့ထူးဘော ဒီကေဘီအေက ရွေးကောက်ပွဲကို ဆန့်ကျင်ခဲ့သည်။ အလားတူ မြိုင်ကြီးငူတွင် နယ်ခြားစောင့်တပ် ပြောင်းခဲ့ရာမှခွဲထွက်ခဲ့သည့် ဗိုလ်မှူးစောဘိ ဦးစီးသည့် တပ်ဖွဲ့များကလည်း မေလ၊ တတိယပတ်မှစ၍ ဒီကေဘီအေအဖြစ် ပြန်လည်ရပ်တည်ခဲ့ကြသည်။

၎င်းဒီကေဘီအေနှစ်ဖွဲ့ကို ပြီးခဲ့သည့် ဩဂုတ်လ တတိယပတ်တွင် တောင်ပိုင်းကလို့ထူးဘောစစ်ဗျူဟာနှင့် မြောက်ပိုင်းကလို့ ထူးလားစစ်ဗျူဟာဟူ၍ စနစ်တကျပြန်လည်ဖွဲ့စည်းခဲ့သည်ဟု သိရသည်။

တောင်ပိုင်းစစ်ဗျူဟာမှာ မြဝတီမြို့၊ ကော့ကရိတ်တောင်ဘက်မှ ဘုရားသုံးဆူမြို့အထိဖြစ်ပြီး ဗိုလ်မှူးချုပ်စောကျော်သက် ဦးဆောင်တာဝန်ယူ လှုပ်ရှားလျှက်ရှိသလို မြဝတီမြို့မြောက်ဘက်၊ မြိုင်ကြီးငူအထူးဒေသ၊ ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်များ အထိရှိသည့်မြောက်ပိုင်းစစ်ဗျူဟာကိုမူဗိုလ်မှူးချုပ်စောဘိက တာဝန်ယူလှုပ်ရှားလျှက်ရှိသည်။

**Voice of Burma**

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**